# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၀၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ယနေ့ ဖတ် စ ရာ

**ဆလုံရေလုပ်သားများ နွေနှောင်းရာသီ လဆန်းရက်ပိုင်းတွင် နေ့ညကင်းမွန်ဖမ်းဆီးမှုဖြင့် အလုပ်အကိုင်အဆင်ပြေ**

ပြည်တွင်းသတင်း စာ ၆

**ပြည်ပနိုင်ငံများသို့ ခရီးသွားရာတွင် ရက်ရှည်ခရီးစဉ် သွားရောက်လည်ပတ်မှုများပြားလာနေ**

ပြည်တွင်းသတင်း စာ ၇

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကိုလေ့လာခြင်း**

ဆောင်းပါး စာ ၁၀

**အီရန်သမ္မတ ရိုင်စီ ပါကစ္စတန်နိုင်ငံသို့ သုံးရက်ကြာ သွားရောက်မည်**

နိုင်ငံတကာသတင်း စာ ၁၃




## မဟာသင်္ကြန်ကာလအပြီး ဒလ - ပန်းဆိုးတန်း ကူးတို့သင်္ဘောများ ပုံမှန်ပြန်လည်ပြေးဆွဲ

ရန်ကုန် ဧပြီ ၂၁

မဟာသင်္ကြန်ကာလအပြီး ဒလမြို့မှ ရန်ကုန်မြို့ပန်းဆိုးတန်းသို့ ခရီးသည်ပို့ဆောင်သည့် ကူးတို့သင်္ဘောများ ပုံမှန်ခေါက်ရေအတိုင်း ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း သိရသည်။

မဟာသင်္ကြန်ကာလဖြစ်သည့် ဧပြီ ၁၃ ရက်မှ ၁၇ ရက်အတွင်း ဒလမြို့မှ ရန်ကုန်မြို့ ပန်းဆိုးတန်းသို့ ကူးတို့သင်္ဘောခေါက်ရေအား မူလပြေးဆွဲသည့်ခေါက်ရေမှ လျှော့ကာ သင်္ဘောခေါက်ရေ ၂၀(အသွား/အပြန် ၂၀)ပြေးဆွဲပေးခဲ့ပြီး ဧပြီ ၁၈ ရက်မှ မူလကူးတို့ သင်္ဘောခေါက်ရေအတိုင်း (အသွား/အပြန် ၄၀) ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း သိရသည်။

မူလအတိုင်းပြန်လည်ပြေးဆွဲသည့် ကူးတို့သင်္ဘောသည် ဒလမြို့မှ နေ့စဉ်နံနက် ၅ နာရီခွဲတွင် စတင်ပြေးဆွဲပြီး ညနေ ၆ နာရီ မိနစ် ၄၀ တွင် ကူးတို့သင်္ဘောနောက်ဆုံးခေါက်ဖြစ်ကြောင်း၊ စာမျက်နှာ ၃ ကော်လံ ၁ ❖

## ခြောက်လကျော်အတွင်း မွန်ပြည်နယ်၌ နေလှန်းဆားတန်ချိန် ၄၀၀၀၀ ခန့်ထွက်ရှိထားသဖြင့် ယခုနှစ်တွင် ဆားပိုမိုထွက်ရှိမည်ဟု ခန့်မှန်း



မွန်ပြည်နယ်ရှိ နေလှန်းဆားလုပ်ကွက်တစ်ခုအား တွေ့ရစဉ်။

ရန်ကုန် ဧပြီ ၂၁

မွန်ပြည်နယ်၌ ဆားရာသီ ခြောက်လကျော်အတွင်း နေလှန်းဆားတန်ချိန် ၄၀၀၀၀ ခန့် ထွက်ရှိထားရာ ယခုနှစ်အတွင်းဆားထွက်ရှိမှု ပိုများနိုင်သည်ဟု ခန့်မှန်းထားကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မွန်ပြည်နယ်၌အောက်တိုဘာလက စတင်ကာ ဆားလုပ်ငန်းကို စတင်လုပ်ကိုင်ကြပြီး သင်္ကြန်မတိုင်မီကာလအထိ နေလှန်းဆားတန်ချိန် ၄၀၀၀၀ ခန့် ထွက်ရှိထားပြီဖြစ်သည်။

“ဆားရာသီဖြစ်တဲ့ အောက်တိုဘာကနေ ဧပြီ ၁၀ ရက်လောက်အထိ ဆားတန်ချိန် ၄၀၀၀၀ လောက်ထွက်ရှိထားပြီ။ အခုချိန်အထိ လေးသောင်းလောက်ထွက်ရှိထားပြီဆိုတော့ ရာသီဥတုအရရော ဒီနှစ်မှာ အရင်နှစ်ကထက် ပိုထွက်မယ်လို့ မှန်းထားပါတယ်” ဟု အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မွန်ပြည်နယ်၌ ပြီးခဲ့သည့်နှစ် ဆားရာသီက နေလှန်းဆားတန်ချိန် ၄၇၀၀၀ ထွက်ရှိခဲ့ကြောင်းလည်း ၎င်းက ဆိုသည်။ မွန်ပြည်နယ်မှထွက်ရှိသည့် ဆားများကို မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိပြီး နေလှန်းဆားကြမ်း တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၊ ၁၅၀ ခန့်ရရှိနေကြောင်းလည်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✪

# အနာဂတ်ခေါင်းဆောင်များ မွေးထုတ်နိုင်မည့် လူငယ်ကဏ္ဍ အစီအစဉ်များ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ မကြာမီကာလအတွင်း နေပြည်တော်ရှိ လူရည်ချွန်စုရပ်စခန်းတွင် တွေ့ဆုံကြကာ ယင်းမှတစ်ဆင့် သက်ဆိုင်ရာအတန်းအလိုက် သတ်မှတ်ထားသည့် လူရည်ချွန်စခန်းအသီးသီးသို့ သွားရောက်ကြရတော့မည် ဖြစ်သည်။ သင်္ကြန်အပြီး မြန်မာ့နှစ်သစ်ဦး နွေရာသီကာလသည် အားမာန်အပြည့်နှင့် ရွှင်လန်းတက်ကြွနေသည့် လူငယ်တို့၏ လှုပ်ရှားမှုများနှင့်အတူ နုပျိုလန်းဆန်းနေဦးမည်ဖြစ်သည်။

လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံအကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်၊ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်ပေးရန်ဟူသည့် ကောင်းမြတ်သည့်ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ခြင်းဖြစ်သည်။ လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့ရာ ၁၉၈၈ ခုနှစ်(၂၅)ကြိမ်မြောက် ငွေရတုလူရည်ချွန်စီမံကိန်းအထိ ဆောင်ရွက်ခဲ့ပြီး ခေတ္တရပ်နားသွားခဲ့သည်။ လူရည်ချွန်စီမံကိန်းသည် ၂၀၁၃ ခုနှစ်တွင် "ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း"အဖြစ် ပြန်လည်ပေါ်ထွန်းလာခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် "လူရည်ချွန်စီမံကိန်း" အမည်ဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ရာ ယခုနှစ်သည် လူရည်ချွန်စီမံကိန်းနှစ် ၆၀ ပြည့်မြောက်သည့် နှစ်လည်းဖြစ်သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်သည် စနစ်သစ်ပညာရေးဖြစ်သည့် KG+12 အပါအဝင် အတန်းအားလုံးပါဝင်ဆောင်ရွက်နိုင်ပြီဖြစ်ရာ လူရည်ချွန်မောင်မယ်များကို ရွေးချယ်ရာတွင် အလယ်တန်းအဆင့်၏ နောက်ဆုံးအတန်းဖြစ်သော နဝမတန်း (Grade -9) ကျောင်းသားကျောင်းသူများ၊ အထက်တန်းအဆင့်အတန်းများဖြစ်သော ဒသမတန်း (Grade -10)၊ ကောဒသမတန်း (Grade -11)၊ ဒွါဒသမတန်း (Grade -12) တို့မှ ကျောင်းသားကျောင်းသူ လူရည်ချွန်မောင်မယ်စုစုပေါင်း ၅၅၄ ဦးကိုရွေးချယ်ခဲ့သည်။ လူရည်ချွန်ကျောင်းသားကျောင်းသူများကို ရွေးချယ်ရာတွင် ကျောင်းအဆင့်၊ မြို့နယ်အဆင့်နှင့်ခရိုင်အဆင့် (ဗဟိုအဆင့်)ဟူ၍ အဆင့်ဆင့်စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ရေးဖြေဘာသာရပ်များဖြစ်သော မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတများ ဖြေဆိုခြင်း၊ ကိုယ်ကာယကြံ့ခိုင်မှုစစ်ဆေးခြင်း၊ နှုတ်ဖြေဘာသာရပ်များဖြစ်သော စာရိတ္တနှင့် ပြည်သူ့နီတိ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ထုံးဓလေ့၊ အထွေထွေဗဟုသုတ ဖြေဆိုခြင်းတို့မှ ရမှတ်များကို စုပေါင်း၍ စုစုပေါင်းရမှတ်များအရ ရွေးချယ်ခြင်း ဖြစ်သည်ဟု သိရသည်။

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ပေးလိုက်သည့် လူရည်ချွန်မောင်မယ်များသည် သက်ဆိုင်ရာ အတန်းအလိုက် ပုဂံ၊ တောင်ကြီး၊ ငွေဆောင်၊ ချောင်းသာ စသည့် လူရည်ချွန်စခန်းအသီးသီးသို့ လေ့လာရေးခရီးစဉ်များ သွားရောက်ကြရမည်ဖြစ်သည်။ လေ့လာရေးခရီးစဉ်များအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူရည်ချွန်မောင်မယ်များ အချင်းချင်း ရင်းနှီးခင်မင်မှုများရရှိခြင်း၊ အဖွဲ့လိုက်စုစည်းသွားလာနေထိုင်ကာ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိခြင်း၊ ဒေသန္တရဗဟုသုတများနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်သိမြင်လာခြင်း စသည်တို့မှတစ်ဆင့် နိုင်ငံနှင့် လူမျိုးကို တန်ဖိုးထားချစ်ခင်မြတ်နိုးသည့်စိတ်များ ကိန်းအောင်းရှင်သန်လာစေမည်ဖြစ်သည်။

နိုင်ငံတော်ကို တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် မရှိမဖြစ် အရေးကြီးသည့်အလျောက် မျိုးဆက်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးကို နိုင်ငံတော်က အလေးအနက်ထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ အနာဂတ်တွင် ယနေ့လူငယ်များက ဦးဆောင်ကြရမည်ဖြစ်ရာ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ဘက်စုံပြည့်စုံသည့် မျိုးဆက်သစ်များ ပေါ်ထွက်လာရေးအတွက် လူရည်ချွန် စီမံကိန်းအပါအဝင် လူငယ်ကဏ္ဍအစီအစဉ်များစွာကို နိုင်ငံတော်က အားပေးဆောင်ရွက်နေသည့်အလျောက် ဤကျောင်းသားလူငယ်များမှပင် အနာဂတ်နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

# ကျောက်ဆည်မြို့နယ်တွင် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲဖောက် လောင်းလှူပွဲအခမ်းအနားကျင်းပ

**ကျောက်ဆည် ဧပြီ ၂၁**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက် အောင်မင်္ဂလာဘုရားဝင်း၌ ဧပြီ ၂၁ ရက် နံနက် ၈ နာရီက ဆူးကုန်းရပ်ကွက် ဝိသုဒ္ဓါရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိန္ဒာစာရ ဆရာတော်အမှူးပြု၍ ပင့်သံဃာ ၅၈ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့်စာရေးတံမဲဖောက် လောင်းလှူပွဲပြုလုပ်သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဆူးကုန်းရပ်ကွက် ဝိသုဒ္ဓါရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိန္ဒာစာရထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။ ယင်းနောက် အလှူရှင်များက ပင့်သံဃာ ၅၈ ပါးအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ပြီး အေးမြကြည်လင်ရပ်ကွက် အောင်မင်္ဂလာ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သန်းနှင့် လူမှုရေးအဖွဲ့ဝင်များက ငွေကျပ် ၂၃ သိန်းကျော်ကို စာရေးတံမဲဖောက်၍ လောင်းလှူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) ဧက ၂၄၀ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် အတွက် ပိုက်ဆံလျှော်(သစ်စိမ်း) သဘာဝမြေဩဇာ ဧက ၂၄၀ စိုက်ပျိုးဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ စိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် အဓိကလိုအပ်ချက်ဖြစ်သည့် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော်(သစ်စိမ်း) သဘာဝမြေဩဇာ စိုက်ပျိုးခြင်းကို မိုးရာသီနှင့် ဆောင်းရာသီတွင် တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပိုက်ဆံလျှော်(သစ်စိမ်း)သဘာဝမြေဩဇာကို မိုးရာသီဆိုရင် ဇူလိုင်လဆန်းပိုင်းလောက်မှာ စိုက်ပျိုးပြီး ဆောင်းရာသီဆိုရင် ဒီဇင်ဘာလလောက်မှာ စိုက်ပျိုးပါတယ်။ စိုက်ပျိုးရေးမှာဆိုရင် သီးနှံအထွက်နှုန်းကောင်းဖို့အတွက်က စိုက်ပျိုးနည်းစနစ်များ မှန်ကန်ဖို့ လိုအပ်သလို မြေဆီလွှာကောင်းမွန်ဖို့လည်း လိုအပ်တာဖြစ်လို့ ဒေသတွင်းရှိ တောင်သူတွေအနေနဲ့ ပိုက်ဆံလျှော်(သစ်စိမ်း)သဘာဝမြေဩဇာကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဆောင်ရွက်စေချင်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ပိုက်ဆံလျှော်(သစ်စိမ်း) သဘာဝမြေဩဇာ စိုက်ပျိုးခြင်းကို မိုးရာသီတွင် ဧက ၂၀ စိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းရာသီတွင် ဧက ၂၄၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရကာ ဒေသခံတောင်သူများက သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုသည့် ပိုက်ဆံလျှော်(သစ်စိမ်း) သဘာဝမြေဩဇာစိုက်ပျိုးခြင်းကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဆိပ်ဖြူမြို့နယ်၌ နှစ်ဦးရုံးပိတ်ရက်ပြန်လာသူများ လုပ်ငန်းခွင်များရှိရာသို့ပြန်လည်ထွက်ခွာ

**ဆိပ်ဖြူ ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ နှစ်ဦးသင်္ကြန်ရုံးပိတ်ရက် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ရောက်ရှိလာသူများသည် သင်္ကြန်ရုံးပိတ်ရက် ပြည့်မြောက်သည့်အတွက် သက်ဆိုင်ရာလုပ်ငန်းခွင်များရှိရာ အနယ်နယ်အရပ်ရပ်သို့ အဝေးပြေးယာဉ်လိုင်းများဖြင့် ပြန်လည်ထွက်ခွာလျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်မှ အနယ်နယ်အရပ်ရပ်သို့ မိသားစုဝင်ငွေရရှိရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံနှင့် အခြားသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်သူများက သီတင်းကျွတ်အချိန်အခါနှင့် သင်္ကြန်ကာလတို့၌ မိမိတို့နေရပ်ဒေသသို့ မိဘဆွေမျိုး၊ အပေါင်းအသင်းများ တွေ့ဆုံရန် အားလပ်ရက်များ၌ ပြန်လည်ရောက်ရှိလာကြပြီး ယခုနှစ် သင်္ကြန်ပိတ်ရက် ကာလများတွင်လည်း နေရပ်ဒေသများသို့ ပြန်လည်ရောက်ရှိလာကြသည်။

ထိုသို့ ရပ်ဝေး၌ အလုပ်လုပ်ကိုင်သူများက သင်္ကြန်ပိတ်ရက်များတွင် ကောင်းမှုကုသိုလ်များပြုလုပ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ သူငယ်ချင်း အပေါင်းအသင်းများဖြင့် ပျော်ရွှင်စွာ တွေ့ဆုံကြကြောင်း၊ သင်္ကြန်ပိတ်ကာလ အလုပ်ပိတ်ရက် ရုံးပိတ်ရက်များ ပြည့်မြောက်ပြီး သက်ဆိုင်ရာ လုပ်ငန်းခွင်များသို့ အချိန်မီဝင်ရောက်လုပ်ကိုင်ရန် အဝေးပြေးယာဉ်လိုင်းများဖြင့် ပြန်လည်ထွက်ခွာလျက်ရှိကြောင်း၊ ရပ်ဝေးဒေသအသီးသီး၌ လုပ်ငန်းခွင်ဝင်ရောက်ကြမည့် သူများအတွက် အဝေးပြေး ယာဉ်လိုင်းဂိတ်များကို ဧပြီ ၁၇ ရက်မှ ဧပြီ ၂၁ ရက်အထိ လိုက်ပါမည့် လူဦးရေအပေါ်မူတည်၍ မော်တော်ယာဉ်များကို ပုံမှန်ယာဉ်လိုင်းအပြင် အထူးယာဉ်လိုင်းများဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဧပြီ ၁၉ ရက်မှစတင်၍ ဆိပ်ဖြူမြို့နယ်မှ ရန်ကုန်မြို့သို့ အဝေးပြေး ယာဉ်လိုင်းများမှ မော်တော်ယာဉ် အစီးရေ ၁၅ စီးခန့် ပြေးဆွဲပေးလျက်ရှိကြောင်း အဝေးပြေးယာဉ်လိုင်းဂိတ်များနှင့် ခရီးသွားပြည်သူများထံမှ သိရသည်။

**ကိုဇွဲ(အညာမြေ)**

# ရွှေပညာဒါန (အခမဲ့)ရွှေသင်တန်း အသိပညာပေးသင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ရွှေပညာဒါန (အခမဲ့) ရွှေသင်တန်း အသိပညာပေးသင်တန်း အမှတ်စဉ် (၃၂) ကို မေ ၂ ရက်တွင် ဖွင့်လှစ်သင်ကြား ပို့ချမည်ဖြစ်သည်။

သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် ရွှေသတ္တုတူးဖော်ခြင်း ဘာသာရပ်၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက် ရောင်းဝယ်ခြင်း၊ ရွှေပန်းထိမ်ပညာဘာသာရပ်၊ ရွှေအပေါင်ခံခြင်းဘာသာရပ်၊ ရွှေဒင်္ဂါး/ ငွေဒင်္ဂါးဘာသာရပ်၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း၊ ကျောက်မျက်ပညာဘာသာရပ်၊ အသုံးချရွှေသင်္ချာအကြောင်းတို့ကို ပညာရှင်များက သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူများသည် ပန်းဘဲတန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးတွင် သင်တန်းတက်ရောက်ခွင့် လျှောက်လွှာများကို အခမဲ့ထုတ်ယူရရှိနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၁**

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၄)၊ ပြည်ထောင်စုဝန်ကြီး၊ ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၁၂) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် မေ ၂၁

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၄)၊ ပြည်ထောင်စုဝန်ကြီး၊ ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E.Mr. Nikolai Patrushev ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ မေ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် (၁၂) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၄)၊ ပြည်ထောင်စုဝန်ကြီး၊ ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E Mr. Is-kander Azizov ၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ တိုးတက်ထုတ်လုပ်ရေး၊ ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၁

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ တိုးတက်ထုတ်လုပ်ရေး၊ ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်ရန်လိုအပ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ပမှစားသုံးဆီ တင်သွင်းမှုလျော့ကျစေရန်နှင့် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နေကြာအပါအဝင် ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်ရန် လိုအပ်သကဲ့သို့ အရည်အသွေးကောင်းမွန်သည့်စားသုံးဆီများထုတ်လုပ်ရန် အဆင့်မီဆီစက်များ လိုအပ်နေသည့်အတွက် ပြည်တွင်းဆီစက်များတွင် အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လက်ရှိဆီစက်များ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် ဇူလိုင် ၆ ရက်တွင် ဖွဲ့စည်းပေးပြီးဖြစ်ကြောင်း။




**စက်သစ်များဖြင့် တဖြည်းဖြည်းအစားထိုး**

ပြည်တွင်းထုတ် စားသုံးဆီများကို အစားအစာဘေးကင်းလုံခြုံမှုစည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးအတွက် Extra – virgin Cold Pressed Oil နှင့် Virgin Cold Pressed Oil များမှအပ ကျန်စားသုံးဆီများကို ပြန်လည်သန့်စင်မှုပြုလုပ်ခြင်းဖြင့် ဆီကြမ်းမှသည် အဆင့်မီဆီချောများ ထွက်ပေါ်လာနိုင်ရေးကို နိုင်ငံတော်အစိုးရ၏ အားပေးမြှင့်တင်မှုနှင့်အတူ ဆီကြမ်းမှသည် ဆီသန့်ဆီချောထုတ်လုပ်ဖြန့်ဖြူးနိုင်သည့် လုပ်ငန်းရှင်များပေါ်ထွန်းလာရန် လိုအပ်ကြောင်း၊ လက်ရှိလည်ပတ်နေသည့် ခေတ်မမီတော့သော စက်များကို စက်သစ်များဖြင့် တဖြည်းဖြည်းအစားထိုးသွားရမည်ဖြစ်ကြောင်း၊ စားသုံးဆီများကို GMP စနစ်နှင့်အညီ ထုတ်လုပ်ရန်လည်း လိုအပ်ကြောင်း၊ GMP ဟု ဆိုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာလည်ပတ်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများမှ စစ်ဆေးကြပ်မတ်ပေးရမည်ဖြစ်ကြောင်း၊ အရည်အသွေးနှင့်ပတ်သက်သော အာမခံချက်ဖြစ်သည့် FDA အသိအမှတ်ပြုလက်မှတ် ရရှိထားရမည်ဖြစ်ကြောင်း၊ အချို့လုပ်ငန်းများတွင် ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်လျက်ရှိကြောင်း၊ စားသုံးသူများ၏ ကျန်းမာရေးထိခိုက်မှုမရှိစေရေး အစီအမံများ ထည့်သွင်းဆောင်ရွက်ထားရှိရန်လည်း လိုအပ်ကြောင်း။

**ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်**

ဝါစိုက်ပျိုးမှုသည် ပြည်တွင်းလိုအပ်ချက်ကို လုံလောက်မှုရှိသည်ကို တွက်ချက်မှုများအရ သိရှိရကြောင်း၊ ထို့ကြောင့် ပြည်တွင်းမှထွက်ရှိသော ဝါများကို ဝါကြိတ်စက်ရုံများမှ ကြိတ်ခွဲခြင်း၊ ချည်စက်ရုံများမှ ချည်ထုတ်လုပ်ခြင်း၊ ပိတ်များရက်လုပ်ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနတွင် ဝါကြိတ်စက်ရုံ ၁၆ ရုံ၊ ပုဂ္ဂလိကတွင် ၁၉၁ ရုံ၊ စုစုပေါင်း ၂၀၇ ရုံ၊ ဝန်ကြီးဌာနတွင် ချည်မျှင်နှင့်အထည်ထုတ်လုပ်သည့် စက်ရုံ ၁၂ ရုံ၊ ပုဂ္ဂလိကသို့ ငှားရမ်းထားသည့် စက်ရုံ နှစ်ရုံ၊ ပုဂ္ဂလိကတွင် ကိုးရုံ စုစုပေါင်း ၂၃ ရုံ ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံပိုင်စက်ရုံများ၊ ပုဂ္ဂလိကသို့ ငှားရမ်းထားသော စက်ရုံများ၊ ပုဂ္ဂလိကစက်ရုံများအားလုံး ဝါကြိတ်ခွဲခြင်းနှင့် ချည်ထုတ်လုပ်ခြင်းလုပ်ငန်းများကို စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အောင်မြင်အောင်ဆောင်ရွက်**

ထို့နောက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆီစက်များ၊ ချည်မျှင်စက်များတွင် အသုံးပြုလျက်ရှိသည့် အလိုအလျောက်ထိန်းချုပ်မောင်းနှင်မှုစနစ်များပြုပြင်ခြင်း သင်တန်းများဖွင့်လှစ်မည့်အခြေအနေ၊ ပဲဖတ်၊ နှမ်းဖတ်တို့တွင် ဆီကျန်ရှိမှု နည်းပါးစေရေးအတွက် အဆင့်မြှင့်ဆီစက်စမ်းသပ်ထုတ်လုပ်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီစက်လုပ်ငန်းရှင်များအား ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေတို့ကိုလည်းကောင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေတို့ကို လည်းကောင်း ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ချမှတ်ထားသည့်လုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်ကြရန်မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ရွှေ့ဖုံးမှ*

ရန်ကုန်မြို့ပန်းဆိုးတန်းမှ နေ့စဉ်နံနက် ၆ နာရီတွင် ကူးတို့သင်္ဘောစတင်ပြေးဆွဲပြီး ည ၇ နာရီ ကူးတို့သင်္ဘောခေါက်သည် နောက်ဆုံးကူးတို့သင်္ဘောပြေးဆွဲချိန်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြစ်ကို ဖြတ်သန်း၍ ခရီးသည်ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(မြစ်ဝကျွန်းပေါ်ဌာန) ပန်းဆိုးတန်း-ဒလ ကူးတို့လမ်းအနေဖြင့် မဟာသင်္ကြန်ကာလတွင် ပြေးဆွဲသည့် ကူးတို့သင်္ဘောခေါက်ရေအချိန်ဇယားနှင့် မူလခရီးစဉ်အတိုင်း ပြန်လည်ပြေးဆွဲမည့် ကူးတို့သင်္ဘောခရီးစဉ်အချိန်ဇယားကို ခရီးသွားပြည်သူများ သိရှိစေရန် သက်ဆိုင်ရာလက်မှတ်ရုံနှင့်ခရီးသည်နားနေဆောင်များတွင် ကပ်ထားပေးကြောင်း သိရသည်။

ထို့ပြင် မြူနှင်းများထူထပ်စွာကျဆင်းခြင်း၊ လေပြင်းများကျရောက်၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းများဖြစ်ပေါ်ပါကလည်း ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်ကင်းဝေးစေရေးအတွက် ပြေးဆွဲလျက်ရှိသည့် ကူးတို့သင်္ဘောထွက်ခွာချိန်တို့ကို ခေတ္တရပ်ဆိုင်းပေးထားခြင်းများ တာဝန်ရှိသူတို့ကလည်း လိုက်လံအသိပေးကြပ်မတ်ခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

မောင်ယဉ်ဦး

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် မေ ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ ရှင်လောင်းလှည့်လည်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။(ယာပုံ)

ဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်ကို လက်ယာရစ်လှည့်လည်ပူဇော်၍ စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်းရှိ ဂေါတမမြတ်စွာဘုရားရှင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရှိခိုးကန်တော့ကြကာ ရင်ပြင်တော်ရှိ အောင်မြေဌာနၮွ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး မေတ္တာပို့အမျှဝေကြသည်။

ထို့နောက် ဒုလ္လဘရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများ၊ သီလရှင်လောင်းများနှင့် ဧည့်ပရိသတ်တို့သည် မဟာဝိဇိတာရုံ သာသနာ့ဝန်ဆောင်ကျောင်းတိုက် မဟာနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဒုလ္လဘရဟန်းလောင်း ၃၉ ပါးတို့အား မဟာဝိဇိတာရုံ သာသနာ့ဝန်ဆောင် ကျောင်းတိုက် မဟာနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရထံ သံဃာ့ကိစ္စများဖြစ်သည့် ဥပဇ္ဈာယ်ယူခြင်း၊ ရဟန်းလောင်းဆုံးမခြင်း၊ ဥပသမ္ပဒကမ္မဝါရွတ်ဖတ် ဥပသမ္ပဒကံဆောင်ခြင်းတို့ကို ဆောင်ရွက်ကြ၍ ရဟန်း၊ သာမဏေများအဖြစ်သို့ သာသနာ့အမွေခံယူကြသည်။

ယင်းနောက် သီလရှင်လောင်း ၃၆ ပါးတို့အား လယ်ဝေးမြို့ ပုဏ္ဏာမိဂုဏ်ဝေသီလရှင် စာသင်တိုက်ဆရာကြီး ဒေါ်ဇေယျသိင်္ဂီ အမှူးပြုသော သီလရှင်ဆရာကြီးများက ကေသစ္ဆေဒန မင်္ဂလာ စုပေါင်းဆံချခြင်းကို ဆောင်ရွက်ကြပြီး သာသနာ့နွယ်ဝင်သီလရှင်အဖြစ် သာသနာ့အမွေ ခံယူကြသည်။

**သိမ်ဆင်းလောင်းလှူ**

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အလှူရှင်များက မဟာဝိဇိတာရုံသာသနာ့ဝန်ဆောင်ကျောင်းတိုက် မဟာနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော ဥပဇ္ဈာယ်နှင့်ကာရက ဆရာတော် ၁၂ ပါးနှင့် ဒုလ္လဘရဟန်း ၄၂ ပါးတို့ကို သိမ်ဆင်းလောင်းလှူပူဇော်ကြသည်။

ယနေ့နံနက်ပိုင်းတွင် မဟာဝိဇိတာရုံ သာသနာ့ဝန်ဆောင်ကျောင်းတိုက် မဟာနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော ဆရာတော် ၁၂ ပါးတို့က ဒုလ္လဘရဟန်းအဖြစ်ခံယူကြမည့် ရဟန်းလောင်း သုံးပါး၊ ရှင်သာမဏေလောင်း ၁၁ ပါးတို့အား ဆံချခြင်းနှင့် ရှင်ပြုပေးခြင်း၊ ရဟန်းခံခြင်းဆိုင်ရာဆောင်ရွက်ဖွယ်ရာ သံဃာ့ကိစ္စများဖြစ်သည့် ဥပဇ္ဈာယ်ယူခြင်း၊ ရဟန်းလောင်းဆုံးမခြင်း၊ ဥပသမ္ပဒကမ္မဝါရွတ်ဖတ် ဥပသမ္ပဒကံဆောင်ခြင်းတို့ကို ဆောင်ရွက်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက်အလှူတော်မင်္ဂလာ တရားတော်နာ ရေစက်ချအခမ်းအနားကို မဟာဝိဇိတာရုံသာသနာ့ဝန်ဆောင် ကျောင်းတိုက်ရှိ ဓမ္မဝိဇိတ ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာစိဏ္ဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်အား နာယူကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

---

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၃၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှား နိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် မေ ၂၂ ရက်မှ မေ ၂၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၃၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကျောက်ဆည်၌ ပန်းမုန်လာစိုက်တောင်သူများ အဆင်ပြေ

**ကျောက်ဆည် မေ ၂၁**

ကျောက်ဆည်မြို့နယ်၌ မြစ်ဘေး၊ ချောင်းဘေးနှင့် ရေအရလွယ်ကူသည့်နေရာများရှိ သဲနုန်းဆန်သည့်မြေများတွင် ဟင်းသီး၊ ဟင်းရွက်များ စိုက်ပျိုးရောင်းချလျက်ရှိရာ ပင်တလယ်ကျေးရွာတွင် စိုက်ပျိုးထားရှိသော ပန်းမုန်လာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပန်းမုန်လာတစ်ပွင့် ငွေကျပ် ၃၅၀ ရောင်းချရသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ပန်းမုန်လာများစိုက်ပျိုးရာ၌ မျှားနီတံဆိပ် ပန်းမုန်လာမျိုးများ အဓိကထားစိုက်ပျိုးကြပြီး ပျိုးထောင်၍ပြောင်းရွှေ့စိုက်ပျိုးရသည့် သီးနှံဖြစ်သောကြောင့် တစ်ဧကတွင် မျိုးစေ့ လေးထုပ်ပျိုးထောင်စိုက်ပျိုးပါက လုံလောက်မှုရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မြေပြင်ခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်း၊ မြေဆွခြင်း၊ ပေါင်းမြက်သန့်ရှင်းခြင်း၊ မြေဩဇာကျွေးခြင်း၊ အပင်အားဆေး၊ ပိုးနှင်ဆေး/ပိုးသတ်ဆေးဖျန်းခြင်း၊ ရေသွင်းခြင်းနှင့် အထွေထွေကုန်ကျစရိတ်အဖြစ် ငွေကျပ် ခုနစ်သိန်းမှ ရှစ်သိန်းခန့် ကုန်ကျကြောင်း ပန်းမုန်လာစိုက်ပျိုးရောင်းချသူ ဒေါ်သိန်းမြ ပြောပြချက်အရ သိရသည်။ **သက်မောင်(ကျောက်ဆည်)**

---

***ရွှေဖုံးမှ***

"ဆားသဘာဝအရ ဆားများများ ထွက်ရင် ဈေးကျတယ်၊ မိုးများများရွာရင် ဈေးတက်တယ်။ ဒီနှစ်က ရာသီဥတုကလည်းကောင်းတယ်။ ဒီမှာက သကြၤန်မိုးလည်း မရွာတော့ ဆားပိုထွက်တော့ ဈေးကျနေတဲ့အနေအထားမှာ ရှိနေပါတယ်။ ဈေးနှုန်းအနေနဲ့ ကျပ် ၁၈၀ လောက်ကနေကျနေတာ ကျပ် ၁၅၀၊ ၁၄၀ လောက်ဖြစ်နေတယ်။ အခုလည်း ဈေးဆက်ကျမယ်ထင်တဲ့အတွက် ဝယ်လက်တွေက စောင့်ကြည့်နေကြတာတွေလည်းရှိတယ်" ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် မွန်ပြည်နယ်သည် ဒုတိယအများဆုံးဆားထွက်ရှိရာ ဒေသဖြစ်ပြီး နေလှန်းဆားလုပ်ငန်းကို သံဖြူဇရပ်မြို့နယ်ရှိ ပကျေးရွာ၊ ကရုပ္ပိကျေးရွာ၊ စက်စဲကျေးရွာနဲ့ ကျိုက္ခမီမြို့၊ ပေါင်မြို့နယ် ထန်းပင်ချောင်းရွာနှင့် ရေးမြို့နယ် ပလိုင်ကီးကျေးရွာတို့တွင် အဓိကလုပ်ကိုင်ကြောင်းလည်း သိရသည်။MT

---

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကို ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလ ကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ကိုပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်) SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြို၍လိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျဉ်းမနားမြို့နယ်အတွင်းရှိ ငလိုက်ချောင်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အမှတ်(၈၅)တံတားအနီး ငလိုက်ချောင်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စုရှိကွင်းအမှတ် (၁၈၈၁) ကွင်း ယာယီရှင်းလင်းဆောင်၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တစ်ဧက ပန်းတိုင်အထွက်နှုန်းတိုးတက်ရေးဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းဟူသည့်နည်းလမ်းလေးရပ်နှင့်အညီ စီမံဆောင်ရွက်ပြီး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်ရမည့်အပြင် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို တိုးချဲ့စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်မှသာ ပြည်တွင်းစားသုံးဆီဖူလုံမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း စပါးအပါအဝင် အခြားသီးနှံများ စိုက်ပျိုးမှုအခြေအနေ၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သွင်းအားစုများ စနစ်တကျထည့်သွင်းသည့်နည်းစနစ်များ၊ ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်အသုံးပြု၍ မိုးစပါးနှင့်နွေစပါးစိုက်ပျိုးမှုအခြေအနေနှင့် စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက မြေပဲမျိုးများနှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၁၇ အနီးရှိ ငလိုက်စခန်းသာဆင်စခန်းသို့ရောက်ရှိပြီး ဆင်သရုပ်ပြကကွက်များနှင့် ဆင်ပြတိုက်အား ကြည့်ရှုအားပေး၍ ခရီးသွားဆွဲဆောင်မှုရှိစေရေးနှင့် ကောင်းမွန်သောဝန်ဆောင်မှုများရရှိစေရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရေးနှင့် လိုအပ်သည်များကို မှာကြားသည်။ **(အပေါ်ပုံ)**



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ငလိုက်ရေလှောင်တမံသို့ရောက်ရှိရာ နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ငလိုက်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ တမံမှ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများနှင့် ရေအသုံးချသူများအဖွဲ့ (WUG) အဖွဲ့များ ဖွဲ့စည်းထားရှိမှုကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နွေစပါး၊ နွေသီးနှံများကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေလေလွင့်မှုမရှိစေရေးတို့ကို အလေးထားဆောင်ရွက်စေလိုကြောင်း တာဝန်ရှိသူများကို မှာကြားသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ် ပေတောဥစားကြက်မွေးမြူရေးခြံ၌ အလုံပိတ်အအေးပေးစနစ် မွေးမြူရေးခြံသုံးခြံတွင် ဥစားကြက်ကောင်ရေ ၇၅၀၀၀ မွေးမြူထားရှိပြီး တစ်နှစ်လျှင် ကြက်ဥ ၂၂ သန်းကျော် ထုတ်လုပ်ဖြန့်ဖြူး

နေပြည်တော် မေ ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပေတောကျေးရွာရှိ ပေတောဥစားကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက လုပ်ကွက်ငယ်မွေးမြူရေးတောင်သူများအား အစာကျွေးမွေးမှု၊ အာဟာရပြည့်ဝစေမှု အပါအဝင် မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ် ကာကွယ်ရေးလုပ်ငန်းများဆိုင်ရာ နည်းပညာပေးခြင်း၊ ပူးပေါင်းလက်တွဲဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်ပေးရန်၊ ဈေးကွက်ဖော်ဆောင်နိုင်စေရန်နှင့် ရှိပြီးဈေးကွက် ခိုင်မာရေးကို ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။



ပေတောကျေးရွာတွင် ဝန်ကြီးဌာန၊ C.P Co.,Ltd နှင့် ကျေးရွာနေပြည်သူများပူးပေါင်း၍ မွေးမြူရေးလုပ်ငန်း အခြေခံအလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးပွားစေရေးအတွက် အလုံပိတ်အအေးပေးစနစ်မွေးမြူရေးခြံသုံးခြံတွင် ဥစားကြက်ကောင်ရေ ၇၅၀၀၀ မွေးမြူထားရှိပြီး တစ်နှစ်လျှင် ကြက်ဥ ၂၂ သန်းကျော် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကာ ခေတ်မီမွေးမြူရေးနည်းပညာများအသုံးပြုဆောင်ရွက်လျက်ရှိ၍ ဇီဝလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွေးမြူရေးသုတေသနဦးစီးဌာန သုတေသီများက သုတေသနပြုဆောင်ရွက်လျက်ရှိသည့် ဒေသနွားမျိုး ပြာစိမ်းကို အသားစားနွားမျိုးများဖြင့် မျိုးမြှင့် သားစပ်သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သုတေသနမှတ်တမ်းများ စနစ်တကျထားရှိရေးနှင့် သုတေသနရလဒ်ကောင်းများ ဖော်ထုတ်နိုင်ရေးအတွက် ဘာသာရပ်အလိုက် ကျွမ်းကျင်သော သုတေသီများ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရွှေမြို့မွေးမြူရေးဇုန်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဥဖောက်စက်၊ ဥဝပ်စက်များ တပ်ဆင်ပြီးစီးမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဥစားဘဲမွေးမြူရေး၊ ဆိတ်၊ နို့စားနွား၊ ဝက်မွေးမြူရေး၊ ဥစားကြက်၊ အသားစားကြက်နှင့် ဘဲမွေးမြူရေး လုပ်ငန်းများကို ကောင်းမွန်သောမွေးမြူရေးကျင့်စဉ် (GAHP– ဂျီအေအိပ်ပီ)နှင့်အညီ မွေးမြူထုတ်လုပ်မှု အားကောင်းလာစေရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးနိုင်ရေး တိုးမြှင့်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်း စိတ်ဝင်စားသူများနှင့် တွေ့ဆုံ၍ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးကူညီထောက်ပံ့ပေးနေမှုနှင့် ဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများ၊ ဖြည့်ဆည်းပေးသွားမည့် အခြေအနေနှင့် မွေးမြူရေးအခြေခံ အသေးစား အငယ်စားနှင့် အလတ်စား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးမှုအလားအလာများကို ဆွေးနွေးကြပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မွေးမြူရေးတောင်သူများ၏ မေးမြန်းမှုများကို ဖြေကြားဆွေးနွေးကြသည်။

ပျဉ်းမနားခရိုင်အတွင်း နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် အဆိုပြုတင်ပြထားရှိသည့် နို့စားနွား၊ အသားတိုးနွား၊ သိုး၊ ဆိတ်နှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းများအတွက် စုစုပေါင်း ၁၅ ဒသမ ၂၅၅ ဘီလီယံကို သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီက စနစ်တကျစိစစ်၍ ယခုလအတွင်း စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုဂံဒေသရှိ ဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ရေး အဆင်ပြေစေရန် ဆန်၊ ဆီ ထောက်ပံ့

ပုဂံ မေ ၂၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ယမန်နေ့က ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တသာဂရအား အမှူးပြု၍ ချိုရတနာ(တိုကျိုဂျပန်)မိသားစုက ဆန်၊ ဆီ စားကုန်နှစ်မျိုးကို ထောက်ပံ့လှူဒါန်းခဲ့သည်။

အဆိုပါ ဆန်၊ ဆီ စားကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းရာ၌ အလှူရှင်မိသားစုကိုယ်စား ပုဂံမြို့ရတနာဘုံစံ တောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တ သာဂရ ဦးဆောင်သော ပရဟိတလူငယ်များအဖွဲ့က ညောင်ဦးမြို့၊ ပုဂံမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဝင်ငွေနည်းအိမ်ထောင်စု ၁၀၀ အား အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်နှင့် ဆီ ၅၀ ကျပ်သားတို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

အလားတူ ဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ အလှူရှင်မိသားစုက ပုဂံမြို့ရတနာဘုံစံ တောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရအားအမှူးပြု၍ ပုဂံဒေသရှိ ဝင်ငွေနည်းအိမ်ထောင်စု ၃၀၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ၊ ကုလားပဲ၊ ကြက်ဥ၊ ကြာဆံ၊ ငါးသေတ္တာ အစရှိသည့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း ပုဂံမြို့ ရတနာဘုံစံ တောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ သာဂရ၏ မိန့်ကြားချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





## ပဲခူးမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ရှေးဟောင်းဆင်ကျုံး၊ အနောက်နန်းတော်ကုန်းနေရာများ ထိန်းသိမ်းဆောင်ရွက်နေမှုများအား ကွင်းဆင်းစစ်ဆေး

**ပဲခူး ဧပြီ ၂၁**

ပဲခူးမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ရှေးဟောင်းဆင်ကျုံး၊ အနောက်နန်းတော်ကုန်းနေရာများ ထိန်းသိမ်းဆောင်ရွက်နေမှုများကို ဧပြီ ၂၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် ဘုရားလေးကျေးရွာအုပ်စု ဥက္ကံကျေးရွာသို့ရောက်ရှိခဲ့ပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မိရိုးဖလာစိုက်ပျိုးနည်းစနစ်မှ စက်မှုလယ်ယာသို့ အချိန်တိုအတွင်း ကူးပြောင်းနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိစေရေး လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးသွားရန်၊ တောင်သူဝင်ငွေတိုးပြီး သီးထပ်စွမ်းအား တိုးတက်စေရေးနှင့် နွေစပါးနှစ်သီး စိုက်ပျိုးနိုင်ရေး ကြိုတင်ပျိုးထောင်သည့်စနစ်အား အသုံးပြုသွားရန်၊ ရေမြေသဘာဝအလိုက် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးသွားရန်တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဥက္ကံကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ကွင်းတစ်ဆက်တည်း မြေဧရိယာ ဧက ၂၀၀ နွေစပါးစံကွက်ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေးခဲ့ရာ တစ်ဧကလျှင် အစိုတင်း ၁၅၅ တင်းထွက်ရှိသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့အနီး ဟံသာဝတီခေတ် ရှေးဟောင်းဆင်ကျုံးနေရာ ရှာဖွေဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုခဲ့ပြီး ဆင်ကျုံးအတွင်း စိုက်ထူထားသည့် ရှေးဟောင်းကျွန်းတိုင်များအား မူလအတိုင်း စနစ်တကျထိန်းသိမ်းသွားရန်၊ ဆင်ကျုံးပတ်လည်ရှိ အုတ်ရိုးများ၊ ဆင်ကျုံးအဝင်လမ်းများ စနစ်တကျဖော်ထုတ်ရန်၊ တူးဖော်ရရှိသည့်အထောက်အထားများဖြင့် အများပြည်သူ လာရောက်လည်ပတ်နိုင်စေရေး ခရီးစဉ်သစ်များ ထည့်သွင်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ်၊ မဲခုန်ကျေးရွာရှိ ဘုရင့်နောင်မင်းတရားကြီး ခေတ္တနန်းစိုက်ခဲ့သည့် အနောက်နန်းတော်ကုန်းမြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး နန်းတော်ကုန်းမြို့ရိုးများ စနစ်တကျ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရန်၊ နန်းတော်နေရာ မြို့ရိုးနေရာ အကျယ်အဝန်း ကျုံးနေရာ စသည်တို့အား မြေပုံမှတ်တမ်းနှင့်တကွ နယ်နိမိတ်သတ်မှတ်ထားရန် မှာကြားခဲ့ပြီး အနောက်နန်းတော်ကုန်းမှ မဟာစေတီသို့ထွက်ခွာသည့် ရှေးဟောင်းလမ်းမကြီးနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လူရည်ချွန် ကျောင်းသား ကျောင်းသူများ ပုဂံ၊ တောင်ကြီး၊ ငွေဆောင်၊ ချောင်းသာ လူရည်ချွန်စုရပ်စခန်းအသီးသီးသို့ ဧပြီ ၂၄ ရက်မှ မေ ၁ ရက်အထိ လေ့လာရေးခရီးသွားကြရမည်

**ထားဝယ် ဧပြီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး လူရည်ချွန် ကျောင်းသား ကျောင်းသူများ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ဘက်စုံပညာထူးချွန်သော ကျောင်းသား ကျောင်းသူများကို စိစစ်ရွေးချယ်ပြီး ဂုဏ်ပြုချီးမြှင့်သည့် အစီအစဉ်များအနက် ပညာရည် ထူးချွန်ထက်မြက်ပြီး အကျင့် စာရိတ္တကောင်းမွန်ကာ ကျန်းမာကြံ့ခိုင် သန်စွမ်းသော ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းရေးအတွက် ရည်ရွယ်ပြီး လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် လူရည်ချွန် ရွေးချယ်ရေး လုပ်ငန်းများကို ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် အဆင့်ဆင့်ရွေးချယ်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး အဆင့်မှရွေးချယ်ခံရသော နဝမတန်း (Grade-9)၊ ဒသမတန်း (Grade-10)နှင့် ဧကာဒသမတန်း (Grade-11)တို့မှ တစ်တန်းစီတွင် ကျောင်းသားသုံးဦးစီ၊ ဒွါဒသမတန်း (Grade-12) မှ ကျောင်းသားနှစ်ဦး၊ ကျောင်းသူနှစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၂ ဦးတို့သည်ပုဂံ၊ တောင်ကြီး၊ ငွေဆောင်၊ ချောင်းသာ လူရည်ချွန်စုရပ်စခန်း အသီးသီးသို့ ဧပြီ ၂၄ ရက်မှ မေ ၁ ရက်အထိ လေ့လာရေးခရီးသွားကြရမည်ဖြစ်ကြောင်း၊ ယခုလို လူရည်ချွန်စခန်း အသီးသီးသို့ သွားရောက် လေ့လာကြရင်း တိုင်းရင်းသားလူငယ်များ အချင်းချင်း တစ်ဦးကိုတစ်ဦး ချစ်ခင်လေးစားတတ်ရန်၊ အတူယှဉ်တွဲ စုပေါင်းနေထိုင်တတ်ရန်၊ ဒေသန္တရဗဟုသုတများ ရရှိရန်အတွက် အထူးလိုက်နာ ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူအားလုံး၏ စံနမူနာပြလူရည်ချွန်များအဖြစ် ဆက်လက်ကြိုးစားကြရန် လိုအပ်ကြောင်း၊ လူရည်ချွန်အဖြစ် ရွေးချယ်ခံရသည့် မောင်တို့မယ်တို့ အနေဖြင့် တိုင်းဒေသကြီးဂုဏ်ဆောင်၊ မိမိတို့မြို့နယ်ဂုဏ်ဆောင်၊ မိမိတို့ကျောင်းဂုဏ်ဆောင်၊ မိမိတို့မိဘများအတွက် ဂုဏ်ဆောင်သားသမီးများအဖြစ် ခံယူစိတ်ဖြင့် ကြိုးစားကြရန် စည်းကမ်းကို အလေးထားလိုက်နာ နေထိုင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများအား ထောက်ပံ့ငွေကျပ် ၅၂ သိန်းအား ပေးအပ်ပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးဦးဝင်းနောင်က လူရည်ချွန်ရွေးချယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးကိုယ်စားပြု လူရည်ချွန်ကျောင်းသား ကျောင်းသူများကိုယ်စား လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဆလုံရေလုပ်သားများ နွေနှောင်းရာသီ လဆန်းရက်ပိုင်းတွင် နေ့ညကင်းမွန်ဖမ်းဆီးမှုဖြင့် အလုပ်အကိုင်အဆင်ပြေ

**ရန်ကုန် ဧပြီ ၂၁**

မြန်မာပြည်တောင်ဘက်စွန်း မြိတ်ကျွန်းစုနှင့် ကော့သောင်းမြို့အနီး ကျွန်းစုတို့တွင် နေထိုင်ကြသည့် ဆလုံတိုင်းရင်းသားများ နွေနှောင်းရာသီတွင် ကမ်းနီးပင်လယ်ပြင်၌ ညပိုင်းလရောင်ပျပျနှင့် နေ့ပိုင်းတို့တွင် နေ့ညကင်းမွန်ဖမ်းဆီးမှုဖြင့် အလုပ်အကိုင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မိုးရာသီတွင် ပင်လယ်ရေအောက်အေးမြ၍ ကင်းမွန်ပိုမိုအထိအမိ ကောင်းသော်လည်း မုန်တိုင်းနှင့်လေပြင်းကို အထူးသတိပြုရလေ့ရှိပြီး ယခုလို နွေနှောင်း ရာသီလဆန်းပိုင်း၌ ညပိုင်းတွင် လရောင်ကိုနှစ်သက်သော ကင်းမွန်ကို ဖမ်းဆီးရမိလေ့ရှိသည်။ နေ့ပိုင်းအပူရှိန်ကြောင့် ပင်လယ်ရေမျက်နှာပြင် ပူနွေးသော်လည်း ရေအောက်ပိုင်းတွင် အေးမြသည့်အတွက် လှုပ်ရှားသွားလာသော ကင်းမွန်များကို ခဲသီးတပ်ထားသော ပုစွန်အရုပ်ဖြင့် မျှားယူရရှိလေ့ရှိကာ ဆလုံရိုးရာလှေများပေါ်တွင် မိသားစုလိုက်ပါလျက် နေ့ညဖမ်းယူကြလျက်ရှိသည်။ ဆလုံကျွန်းများတွင် မြန်မာလူမျိုးများလည်း နေထိုင်လာကြလျက်ရှိရာ ကင်းမွန်ကို မျှားယူခြင်းထက် မြှုံးများဖြင့် ဖမ်းယူကြလေ့ရှိသည်။

"သင်္ကြန်ကာလမှာ ကင်းမွန်မျှားတဲ့သူနည်းပေမယ့် ဈေးနှုန်းကတော့ တက်မသွားဘူး။ အခု ကင်းမွန် တစ်ကီလိုကျပ် ၁၃၀၀၀ ကနေ ၁၅၀၀၀ ဈေးရောင်းရတယ်။ ဈေးအတက်အကျရှိတယ်။ ကင်းမွန်ကို လဆန်း ၅ ရက်ကနေ ၁၃ ရက်နေ့အထိ အများဆုံးရတယ်။ နေ့ညမျှားကြတာ။ ကျန်တဲ့ရက်တွေဆိုရင် နေ့ပိုင်းဖြစ်စေ၊ ညပိုင်းဖြစ်စေ တစ်ကြိမ်ပဲ မျှားကြတာပါ။ လရောင်ပျပျနဲ့ဆိုရင် လေနဲ့ရေအေးတဲ့အတွက် ကျွန်းဝန်းကျင်တွေမှာ မျှားကြတာများတယ်။ ရလည်းရကြတယ်။ ရှေ့လဆိုရင် မိုးဝင်ပြီ။ မိုးရာသီမှာလည်း ရာသီဥတုအခြေအနေ ကြည့်ပြီး ကင်းမွန်မျှားကြဖို့ရှိတယ်။ မိုးဝင်လာရင် မုန်တိုင်းအခြေအနေကြောင့် ခဏနားဖို့တော့ရှိတယ်။ ဒီလပိုင်းတွေမှာ ကင်းမွန်မျှားရတာအဆင်ပြေကြပါတယ်" ဟု မကြုံဂလက်ကျေးရွာမှ ဆလုံလူငယ်ခေါင်းဆောင် ကိုညီလေးက ပြောသည်။

ကင်းမွန်ကို ပင်လယ်အတွင်း မျှားသူများထံ တိုက်ရိုက်ဝယ်ယူခြင်း၊ ဦးစီးစက်လှေဖြင့် လိုက်ပါသွားသော စတော်လှေငယ်များက ဦးစီးလှေထံ ပြန်လည်ရောင်းချခြင်း၊ ထိုဦးစီးစက်လှေများထံမှ တိုက်ရိုက်ဝယ်ယူ၍ စက်လှေဖြင့် ကော့သောင်းသို့ပို့ဆောင်ကာ ငါး၊ ပုစွန်အပါအဝင် ထိုင်းနိုင်ငံသို့ တစ်ဆင့်ပြန်လည် ရောင်းချခြင်းတို့ဖြင့် မြန်မာ့ရေထွက်ကုန်များ ကုန်စည်စီးဆင်းလျက်ရှိသည်။

ကင်းမွန်ကို မကြုံဂလက်မော်ကင်းကျေးရွာ၊ ညောင်ဝီးကျွန်း၊ ဂျလန်းကျွန်း၊ လငန်းကျွန်း၊ ဇာဒတ်ကြီးကျွန်း၊ ကိုဖော့ကျွန်း၊ စက်တပ်ဂလဲ့ကျွန်းတို့အနီး ကမ်းနီးပင်လယ်ပြင်တို့တွင် မျှားယူကြလေ့ရှိပြီး ပူပြင်းသော နွေရာသီထက် လှိုင်းလေထန်သော မိုးရာသီတွင် ကင်းမွန်ပိုမိုရရှိလေ့ရှိသည်။ ဆောင်းဦးပိုင်းတွင် အထိအမိကောင်း၍ ဒီဇင်ဘာလတွင် ကင်းမွန်ရှားပါးလေ့ရှိရာ ယခုရာသီတွင် ကင်းမွန်ပိုမိုရရှိလျက်ရှိပြီး ခရီးသွားရာသီပိတ်ချိန် ဖြစ်သော်လည်း ခရီးသွားမပြတ်သေး၍ ကင်းမွန်အဝယ်လိုက်သည့်နည်းတူ ပြည်ပပို့ကုန်အဝယ် လိုက်နေ၍ အရောင်းအဝယ် ကောင်းမွန်သောကြောင့် ကင်းမွန်မျှားသော ဆလုံရေလုပ်သားများ အလုပ်အကိုင်အဆင်ပြေလျက် ရှိကြောင်း သိရသည်။



**ဓာတ်ပုံ - ဆလုံလူငယ်**

**ညိမ်းသူ(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## ပြည်ပနိုင်ငံများသို့ခရီးသွားရာတွင် ရက်ရှည်ခရီးစဉ်သွားရောက်လည်ပတ်မှု များပြားလာနေ

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံမှ ပြည်တွင်းခရီးသွားရောက်သူ တိုးလာသည့်အပြင် ပြည်ပနိုင်ငံများသို့ ရက်ရှည်ခရီးစဉ်သွားရောက်လည်ပတ်မှုအနေဖြင့် ရက်ရှည် ခရီးစဉ်သွားရောက်သူများပြားလာကြောင်း မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအဖွဲ့ချုပ်ထံက သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးစီးချိန်မှစ၍ နွေရာသီရက်ရှည် ကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသားများနှင့် မိဘများအနေဖြင့် ပြည်တွင်းအပြင် ပြည်ပနိုင်ငံများသို့ပါ အပန်းဖြေခရီးစဉ်သွားရောက် လည်ပတ်မှုရှိခဲ့ရာမှ ယခုမေလအတွင်း၌လည်း ထိုင်းနိုင်ငံ၊ ဗီယက်နမ်၊ ဥရောပနိုင်ငံများသို့ပါ သွားရောက်လည်ပတ်မှုများ ရှိနေကြောင်းလည်း ဆိုသည်။

ယင်းကဲ့သို့ ပြည်ပခရီးစဉ်များသို့ သွားရောက်လည်ပတ်ကြသည့် ခရီးသည်အများစုမှာ ရက်ရှည်ခရီးစဉ်အနေဖြင့် ၇ ရက်မှ ၁၀ ရက်အထိ ကြာမြင့်ကြောင်းလည်း သိရသည်။

"အခု ပြည်ပကိုခရီးထွက်နေတဲ့သူတွေက ရက်ရှည်ခရီးတွေ တစ်ပတ်၊ ၁၀ ရက် ခရီးသွားကြတာတွေ များပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံကို သွားတာတွေ ရှိပါတယ်။ ဗီယက်နမ်တို့၊ ဥရောပနိုင်ငံတွေကို သွားတဲ့ ခရီးစဉ်တွေကိုလည်း တော်တော်လေး ရောင်းရပါတယ်။ သင်္ကြန်ရက်ကဆိုရင် ဥရောပခရီးစဉ်တွေကိုသွားတဲ့သူတွေလည်း များပါတယ်" ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထို့အပြင် ထိုင်း၊ တရုတ်၊ ရုရှားနိုင်ငံ အစရှိသဖြင့် နိုင်ငံများမှလည်း မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**MT**



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ပြည်တွင်းပြည်ပခရီးသွားများကို တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် လူရည်ချွန်စုရပ်စခန်းရှိ လူရည်ချွန်ကျောင်းသား ကျောင်းသူများအား နှုတ်ဆက်အားပေး



**မန္တလေး ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ လူရည်ချွန်စုရပ်စခန်း (အမှတ် ၁၆၊ အခြေခံပညာ အထက်တန်းကျောင်း)သို့ သွားရောက်ပြီး ကချင်ပြည်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ရောက်ရှိနေသည့် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခဲ့သည်။

ထိုသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ရင်းနှီးနွေးထွေးစွာ လိုက်လံနှုတ်ဆက်ပြီး လူရည်ချွန်စခန်း တာဝန်ခံနှင့် တာဝန်ရှိသူများ၊ ကြီးကြပ် ဆရာ ဆရာမများက လူရည်ချွန်စုရပ်စခန်းသို့ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများ ရောက်ရှိနေမှု၊ ဆက်လက်ရောက်ရှိလာမည့်အခြေအနေ၊ အိပ်ဆောင်များအတွင်း နေရာထိုင်ခင်းချထားပေးမှု၊ ကျန်းမာရေးကိစ္စများအပါအဝင် နေထိုင်စားသောက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်စုရပ်စခန်း၌ တည်းခိုနေထိုင်စဉ်အတွင်း လူရည်ချွန် ကျောင်းသား ကျောင်းသူများ၏ အစားအသောက်အပါအဝင် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် သောက်သုံးရေ လုံလောက်မှုရှိစေရေးတို့ကို အထူးအလေးထား ဂရုစိုက်ဆောင်ရွက်ကြရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ရောက်ရှိနေသည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများကို ရင်းနှီးနွေးထွေးစွာနှုတ်ဆက်ပြီး ထောက်ပံ့ငွေများ ချီးမြှင့်ခဲ့ကြောင်း**(အပေါ်ပုံ)**နှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား နေရာချထားပေးသည့် အိပ်ဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျိုင်းတုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ နေပြည်တော် လူရည်ချွန်စုရပ်စခန်းသို့ သွားရောက်မည့် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုပွဲကျင်းပပြုလုပ်

**နေပြည်တော် ဧပြီ ၂၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မှ နေပြည်တော် လူရည်ချွန်စုရပ်စခန်းသို့ သွားရောက်မည့် လူရည်ချွန် မောင်မယ်များအား ဂုဏ်ပြုပွဲကို ယနေ့မွန်းလွဲပိုင်းက ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူရည်ချွန်မောင်မယ်များနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။**(ဝဲပုံ)**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ လူရည်ချွန်မောင်မယ်များကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၂၁**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၇ ဒီဂရီဆဲလ်စီးယပ်၊ မုံရွာမြို့နှင့် တံတားဦး(လေကြောင်းမိုးလေဝသ) တို့တွင် ၄၄ ဒီဂရီဆဲလ်စီးယပ်စီနှင့် မင်းကင်းမြို့၊ စစ်ကိုင်းမြို့၊ ရေဦးမြို့၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၃ ဒီဂရီဆဲလ်စီးယပ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၂၃ လက်မ၊ ခန္တီးမြို့တွင် ၁ ဒသမ ၁၁ လက်မ၊ ပူတာအိုမြို့တွင် ဝ ဒသမ ၂၃ လက်မနှင့် မချမ်းဘောမြို့တွင် ဝ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## နောင်ချိုမြို့ သဖန်းကိုင်းပရဟိတ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိလာသည့် ယာယီတိုက်ပွဲရှောင်များအား ကူညီစောင့်ရှောက်

**နောင်ချို ဧပြီ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် သဖန်းကိုင်းပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိလာသော ယာယီတိုက်ပွဲရှောင်များအား လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက် ရှိသည်။

သဖန်းကိုင်း ပရဟိတအသင်းအနေဖြင့် ဆရာတော်၏ကြီးကြပ်မှုဖြင့် ဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် အသင်းသားများက စစ်ဘေးကြောင့် ရောက်ရှိလာသော ယာယီတိုက်ပွဲရှောင် ပြည်သူများအား ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

သဖန်းကိုင်းပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ရဟန်း၊ ရှင်သာမဏေ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများကို ဆရာတော်မှ အနီးကပ်ကြီးကြပ်စောင့်ရှောက်ပေးလျက်ရှိသည့်အပြင် အခမဲ့ ကွန်ပျူတာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်းနှင့် အာယုဒါန (အခမဲ့) ဆေးခန်းကိုလည်း ဖွင့်လှစ်ထားရှိကာ လူမျိုးဘာသာမရွေး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သဖန်းကိုင်းပရဟိတ ဆရာတော်ထံမှ သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှု

စစ်တွေ မေ ၂၁

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၂၀ ရက်က စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်း ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ရှေးဟောင်းသမိုင်းဝင်စကြာ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်များအား သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်နှင့် စေတီတော်ပရိဝုဏ်အတွင်း၌ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

လောကာနန္ဒာစေတီတော်မြတ်ကြီး အတွင်း ဘုရားဖူးလာပြည်သူများနှင့် တရားဘာဝနာပွားများသူများ စိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ရန် စေတီတော်မြတ်ကြီး ရင်ပြင်တော်နှင့် စေတီတော်ပရိဝုဏ်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက စွန့်ပစ်အမှိုက်များကောက်ယူသိမ်းဆည်းခြင်း၊ မြက်ပင်များ၊ ပေါင်းပင်များ၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်ကြသည်။ ထို့ပြင် ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်းနှင့် စေတီတော်မြတ်ကြီး ရင်ပြင်သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



တင်ထွန်း(ပြန်/ဆက်)

## ကယားပြည်နယ်အစိုးရအဖွဲ့ လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ယာယီတိုက်ပွဲရှောင်များအား ဆန်၊ ဆီ၊ ပဲနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

လွိုင်ကော် မေ ၂၁

ကယားပြည်နယ် အစိုးရအဖွဲ့က လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ရပ်ကွက်နေပြည်သူများနှင့် ယာယီတိုက်ပွဲရှောင်များအား ဆန်၊ ဆီ၊ ပဲနှင့် ထောက်ပံ့ငွေများ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က လွိုင်ကော်မြို့ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိရပ်ရွာ မိမိဒေသကို မိမိတို့ကိုယ်တိုင်ပါဝင်သောပြည်သူ့လုံခြုံရေးစနစ်အား ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ဘဝရေရှည်ရပ်တည်နိုင်ရေးအတွက် မိမိတို့၏ မူလလုပ်ငန်းများ၊ စိုက်ပျိုးရေး/မွေးမြူရေးနှင့် MSME လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်နယ် အစိုးရအဖွဲ့မှလည်း လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘုန်းတော်ကြီး ကျောင်းများ၊ ရပ်ကွက်နေပြည်သူများနှင့် ယာယီတိုက်ပွဲရှောင်များအား ဆန်၊ ဆီ၊ ပဲနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရာ တက်ရောက်လာကြသည့် ပြည်သူများက လက်ခံရယူကြပြီး(ဓါတ်ပုံ) တက်ရောက်လာကြသည့်ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် အခမ်းအနား တက်ရောက်လာသည့် ပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကား ပြောကြားသည်။

ယင်းထောက်ပံ့ လှူဒါန်းပေးအပ်ပွဲတွင် ကယားပြည်နယ် အစိုးရအဖွဲ့က ဘုန်းတော်ကြီးကျောင်း ၁၂ ကျောင်းနှင့် အိမ်ထောင်စု ၈၈၉ စုတို့အတွက် ဆန်၊ ဆီ၊ ပဲ နှင့် ထောက်ပံ့ငွေ လှူဒါန်းမှုမှာ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၀၉၆၂၈၀၀၀ ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## သောက်သုံးရေလိုအပ်သည့်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ သောက်သုံးရေများလှူဒါန်း

ရန်ကုန် မေ ၂၁

နွေရာသီကာလ သောက်သုံးရေ လိုအပ်သည့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်များရှိ မီးသတ်တပ်ဖွဲ့ဝင်များက မေလ တတိယပတ်အတွင်း သွားရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄၈) ရပ်ကွက် ဓမ္မသစ္စာဘုန်းတော်ကြီးကျောင်းသို့ ရေဂါလန် ၃၂၀၀ ကိုလည်းကောင်း၊ ဒေါပုံမြို့နယ် ယမုံနာ ၁ ရပ်ကွက် အသောကရာမ ဘုန်းကြီးကျောင်းသို့ ရေဂါလန် ၁၆၀၀ နှင့် ယမုံနာ ၂ ရပ်ကွက် ရွှေညောင်ပင်ကျောင်းတိုက်သို့ ရေဂါလန် ၃၂၀၀ ကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်ရှိ မဟာစည်မြဝတီသာသနာ့ရိပ်သာသို့ ရေဂါလန် ၁၆၀၀၊ စံပြရပ်ကွက်၊ စံပြ(၅)လမ်းရှိ မဟာသဒ္ဓမ္မသိပ္ပံသီလရှင်စာသင်တိုက်သို့ ရေဂါလန် ၁၆၀၀ နှင့် စံပြရပ်ကွက်၊ စံပြ(၅)လမ်း ရန်မျိုးအောင်ဘုရားကြီးပရိယတ္တိစာသင်တိုက်သို့ ရေဂါလန် ၁၆၀၀ ကို လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ၈၈ ရပ်ကွက်၊ သုခိတာလမ်းရှိ ကေသရာရာမဘုန်းတော်ကြီးကျောင်းသို့ ရေဂါလန် ၃၂၀၀ ကို လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ် ၁၂၁ ရပ်ကွက် ဝိစိတ္တာရာမကံပေါ် ဘုန်းကြီးကျောင်းသို့ ရေဂါလန် ၁၆၀၀၊ အမှတ် ၁၅၅ ရပ်ကွက်နေ ပြည်သူများနှင့် အောင်မင်္ဂလာလမ်းနှင့် အာသာဝတီလမ်းရှိ နေအိမ် ၂၀၀ ခန့်မှ ပြည်သူများက သောက်သုံးရေ လိုအပ်ကြောင်း ဆက်သွယ်လာသဖြင့် ရေဂါလန် ၆၄၀၀ ကို လည်းကောင်း၊ ကော့မှူးမြို့နယ် မန်ကျီးကန်ကျေးရွာ အောင်မြေချမ်းသာကျောင်းတိုက်သို့ ရေဂါလန် ၁၆၀၀ ကို လည်းကောင်း လိုက်လံလှူဒါန်းခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကိုလေ့လာခြင်း

မောင်ရွှေရိုး




## နိဒါန်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ (၈) ကြိမ်မြောက် သမ္မတရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ် မတ်လ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ သုံးရက်အကြာကျင်းပပြုလုပ်ခဲ့သည်။ သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ သမ္မတလောင်း လေးဦးရှိပြီး လက်ရှိသမ္မတ Mr. Putin၊ Mr. Davankov (Liberal New People's Party)၊ Mr. Slutsky (the Liberal Democratic Party of Russia (LDPR)) နှင့် Mr. Kharitonov (the Communist Party) တို့ဖြစ်ကြပါသည်။ ရွေးကောက်ပွဲတွင် စုစုပေါင်းမဲပေးခွင့်ရှိသူ ၁၁၃ သန်းကျော်အတွက် မဲရုံပေါင်း ၃၈၈၇၉၁ ရုံ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၇၇ ဒသမ ၄၄ ရာခိုင်နှုန်းမဲပေးခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ မဲဆန္ဒရှင် ရှစ်သန်းကျော်သည် မဲပေးစက်ဖြင့်လည်းကောင်း၊ ၅ ဒသမ ၁ သန်းကျော်သည် အွန်လိုင်းမဲပေးစနစ်ဖြင့်လည်းကောင်း မဲပေးခဲ့ကြပြီး ကြိုတင်မဲပေးသူ ၂ ဒသမ ၆ သန်းရှိသည်။ လက်ရှိသမ္မတပူတင်သည် ထောက်ခံမဲ ၇၆ သန်းကျော်ဖြင့် အနိုင်ရရှိခဲ့ပြီး မဲပေးသူစုစုပေါင်း၏ ၈၇ ဒသမ ၂၉ ရာခိုင်နှုန်းရရှိခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏မြို့တော်မှာ မော်စကိုမြို့ဖြစ်ပြီး ကမ္ဘာ့သတ္တမမြောက်အကြီးဆုံးမြို့ဖြစ်သည်။ မော်စကိုမြို့သည် ရုရှားနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံပညာ၊ ဘာသာရေး၊ ဘဏ္ဍာရေး၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဗဟိုချက်မဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံကို Oblast ၄၆ ခု၊ Republic ၂၂ ခု၊ အုပ်ချုပ်ရေးဒေသ ကိုးခု၊ Okrugs လေးခု၊ Autonomous Oblast တစ်ခု၊ Federal Cities သုံးခု စုစုပေါင်းပိုင်းခြားသတ်မှတ်ထားသည့် ဖက်ဒရယ်ဒေသ (Federal Subjects) ၈၅ ခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံမှရွေးကောက်ပွဲများ၊ ရွေးကောက်ပွဲစနစ်များ

ရုရှားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၊ ဖက်ဒရယ်လွှတ်တော်ရွေးကောက်ပွဲများနှင့် ဒေသန္တရရွေးကောက်ပွဲဟူ၍ ရှိပါသည်။ ဖက်ဒရယ်လွှတ်တော်တွင် အထက်လွှတ်တော်(Federal Council) နှင့် အောက်လွှတ်တော် (State Duma) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိကြောင်း တွေ့ရှိရသည်။ သမ္မတရွေးကောက်ပွဲများကို ခြောက်နှစ်လျှင် တစ်ကြိမ်၊ နှစ်ကျော့ပြန်စနစ် (Two Round System) ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ အထက်လွှတ်တော်ကို လေးနှစ်လျှင်တစ်ကြိမ် ပြုလုပ်ကျင်းပသည်။ တိုက်ရိုက် ရွေးကောက်တင်မြှောက်ခြင်းမဟုတ်ဘဲ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ဖက်ဒရယ် ပြည်နယ် ၈၅ ခုတို့မှ ခန့်အပ်တာဝန်ပေးရွေးချယ်သည့် အစိုးရအဖွဲ့ဝင် တစ်ဦးနှင့် ဥပဒေပြုအဖွဲ့ဝင် တစ်ဦးစီ ပါဝင်သည့် ကိုယ်စားလှယ်နေရာ ၁၇၀ ရှိပြီး သမ္မတက အထက်လွှတ်တော်ကိုယ်စားလှယ်၏ ၁၀ ရာခိုင်နှုန်းဖြစ်သည့် ၁၇ ဦးကို ခန့်အပ်ပိုင်ခွင့်ရှိကြောင်း တွေ့ရှိရသည်။ အောက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၄၅၀ ရှိပြီး ရွေးကောက်ပွဲများကို ငါးနှစ်လျှင်တစ်ကြိမ် ပြုလုပ်ကျင်းပသည်။ ကိုယ်စားလှယ်နေရာ ၂၂၅ နေရာအား (Closed List Proportional System) ဖြင့်ရွေးချယ်ပြီး အနိမ့်ဆုံးရရှိရမည့် မဲအရေအတွက် သတ်မှတ်ချက်မှာ ငါးရာခိုင်နှုန်းဖြစ်သည်။ ကျန်ထက်ဝက်ဖြစ်သည့် ၂၂၅ နေရာအား မဲအများဆုံးရသူအနိုင်ယူ (FPTP) စနစ်ဖြင့် ရွေးချယ်ကြောင်း သိရှိရသည်။ ဒေသန္တရရွေးကောက်ပွဲများကို နှစ်စဉ်ကျင်းပပြီး သမ္မတကရွေးကောက်ပွဲများကျင်းပရန် ဆုံးဖြတ်သတ်မှတ်ခြင်းဖြစ်သည်။ မြို့တော်ဝန်ရွေးကောက်တင်မြှောက်ခြင်းနှင့် မြို့တော်ကောင်စီ (သို့) မြို့တော်အုပ်ချုပ်ရေးမှူး ရွေးကောက်တင်မြှောက်ခြင်းတို့ ပါဝင်ပါသည်။ ပုံမှန်အားဖြင့် ဒေသန္တရရွေးကောက်ပွဲများကို နှစ်စဉ်စက်တင်ဘာလ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)တွင် ကျင်းပလေ့ရှိကြောင်းနှင့် မဲဆွယ်စည်းရုံးရေးကာလမှာ ၂၈ ရက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

> ❖ **ရုရှားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၊ ဖက်ဒရယ်လွှတ်တော်ရွေးကောက်ပွဲများနှင့် ဒေသန္တရ ရွေးကောက်ပွဲဟူ၍ ရှိပါသည်။ ဖက်ဒရယ်လွှတ်တော်တွင် အထက်လွှတ်တော် (Federal Council) နှင့် အောက်လွှတ်တော် (State Duma) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိကြောင်း တွေ့ရှိရသည်။ သမ္မတရွေးကောက်ပွဲများကို ခြောက်နှစ်လျှင် တစ်ကြိမ်၊ နှစ်ကျော့ပြန်စနစ် (Two Round System) ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ အထက်လွှတ်တော်ကို လေးနှစ်လျှင်တစ်ကြိမ် ပြုလုပ်ကျင်းပသည်။ တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းမဟုတ်ဘဲ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ဖက်ဒရယ်ပြည်နယ် ၈၅ ခုတို့မှ ခန့်အပ်တာဝန်ပေးရွေးချယ်သည့် အစိုးရအဖွဲ့ဝင် တစ်ဦးနှင့် ဥပဒေပြုအဖွဲ့ဝင် တစ်ဦးစီ ပါဝင်သည့် ကိုယ်စားလှယ်နေရာ ၁၇၀ ရှိပြီး သမ္မတက အထက်လွှတ်တော် ကိုယ်စားလှယ်၏ ၁၀ ရာခိုင်နှုန်းဖြစ်သည့် ၁၇ ဦးကို ခန့်အပ်ပိုင်ခွင့်ရှိကြောင်း တွေ့ရှိရသည်**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လိုက်နာရန်အခြေခံစည်းမျဉ်းများ

- ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတကို နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ပြည်သူများက လျှို့ဝှက်မဲပေးစနစ်ဖြင့် တိုက်ရိုက်ရွေးချယ်မဲပေး၍ ရွေးကောက်တင်မြှောက်ကြသည်။
- ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသားတစ်ဦးအနေဖြင့် ပါဝင်ခြင်းသည် လွတ်လပ်၍ မိမိဆန္ဒအလျောက်သာဖြစ်ပါသည်။
- ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတရွေးကောက်ပွဲ၌ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးရန် သို့မဟုတ် မဲပေးခြင်း၌ ပါဝင်ခြင်းမပြုရန် ရည်ရွယ်ချက်ဖြင့် လွှမ်းမိုးချုပ်ကိုင်ခြင်း၊ ၎င်း၏ဆန္ဒအရ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်အား နှောင့်ယှက်ခြင်းမပြုရ။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နိုင်ငံသားများအတွက် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ

- ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီးသော ရုရှားနိုင်ငံသားတိုင်းသည် မဲပေးခွင့်ရှိခြင်း။
- လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် အမည်တင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း။
- ရွေးကောက်ပွဲ အကြိုကာလများတွင် မဲဆွယ်စည်းရုံးခွင့်ရှိခြင်း။
- ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လေ့လာခွင့်ရှိခြင်း။
- ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၏ ဆောင်ရွက်မှုများအား လေ့လာခွင့်ရှိခြင်း။
- မဲရလဒ်များ တွက်ချက်ကြေညာခြင်းဆိုင်ရာကိစ္စရပ်များအား လေ့လာကြည့်ရှုခွင့်ရှိခြင်း။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသူများ

- အသက် ၃၅ နှစ် ပြည့်မီပြီးသူ၊
- ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အနည်းဆုံး ၂၅ နှစ်ကြာ အခြေချနေထိုင်သူ၊
- နိုင်ငံခြားတိုင်းပြည်တစ်ခု၏ နိုင်ငံသားဖြစ်သူ သို့မဟုတ် နိုင်ငံသားအဖြစ် ခံယူထားခြင်းမရှိသူ၊
- နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် နေထိုင်ခွင့်ဗီဇာ (သို့) နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် ယာယီနေထိုင်ခွင့်ဆိုင်ရာ အခြားအထောက်အထား၊ စာရွက်စာတမ်းများမရှိသူ၊
- ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲ ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများသည်လည်း သမ္မတရွေးကောက်ပွဲတွင် ပြည်တွင်းရှိ နိုင်ငံသားများနှင့် တန်းတူညီမျှသော အခွင့်အရေးများ ခံစားပိုင်ခွင့်ရှိသည်။

ရုရှားနိုင်ငံ၏ (၈) ကြိမ်မြောက် သမ္မတရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ် မတ်လ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ သမ္မတသက်တမ်းမှာ ခြောက်နှစ်ဖြစ်ပြီး နှစ်ကျော့ပြန်စနစ်ကို ကျင့်သုံးသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းနှင့်အထက် ရရှိသည့် ကိုယ်စားလှယ်လောင်းမရှိပါက ဒုတိယအကြိမ်ယှဉ်ပြိုင်မှု (second round) ကို ရွေးကောက်ပွဲကျင်းပပြီး သုံးပတ်အကြာ (ဧပြီလ ၇ ရက်နေ့) တွင် ကျင်းပလေ့ရှိသည်။ အနိုင်ရရှိသူကို ၂၀၂၄ ခုနှစ် မေလ ၇ ရက်နေ့တွင် ရာထူးအာဏာ အပ်နှင်းမည်ဖြစ်သည်။ ဒီဇင်ဘာလနှောင်းပိုင်းအထိ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၃၃ ဦး (တစ်သီးပုဂ္ဂလ ၂၄ ဦး၊ ပါတီကိုယ်စားပြု ကိုးဦး) ရှိသည့်အနက် တစ်သီးပုဂ္ဂလ ခြောက်ဦးနှင့် ပါတီကိုယ်စားလှယ် ကိုးဦးတို့မှာ အချက်အလက်များ တင်သွင်းပြီးဖြစ်ကြောင်း CEC က ကြေညာသည်။ အချက်အလက်များ တင်သွင်းပြီးသည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့နောက်ဆုံးထား၍ လူထုထောက်ခံမှုရရှိအောင် ကြိုးစားကြရမည်ဖြစ်သည်။



*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် ထောက်ခံသူ ၃၀၀၀၀၀ မှ ၃၁၅၀၀၀ အထိ ထောက်ခံမှုရရှိအောင် ကြိုးစားကြရမည်ဖြစ်ပြီး ပါတီကိုယ်စားလှယ်လောင်းများအနေဖြင့် ထောက်ခံသူ ၁၀၀၀၀၀ မှ ၁၀၅၀၀၀ ရရှိရမည်ဖြစ်သည်။ လက်ရှိသမ္မတ ပူတင်သည် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် လူထုထောက်ခံမှု ၅၀၀၀၀၀ ကျော် ရရှိပြီးဖြစ်သည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိ ကိုယ်စားလှယ်လောင်းများရရှိသည့် လူထုထောက်ခံမှုအပေါ် မူတည်၍ ကိုယ်စားလှယ်လောင်းအဖြစ် အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းကို ရုရှားဗဟိုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲကျင်းပမည့်ရက်ကို သတ်မှတ်ပြီးနောက် ပါတီညီလာခံကိုကျင်းပခဲ့ပြီး ပါတီများအနေဖြင့် မိမိပါတီကိုယ်စားလှယ်လောင်းကို ထောက်ခံပေးရုံမျှမက အခြားပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလများကိုလည်း ထောက်ခံမှုပြုနိုင်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈၁၊ အပိုဒ် ၃ အရ လူတစ်ဦးသည် ဆက်တိုက်ဖြစ်သော သမ္မတသက်တမ်း နှစ်ကြိမ်ထက်ပို၍ ရွေးကောက်ခံပိုင်ခွင့်မရှိဟု ပြဋ္ဌာန်းထားသည်။

ရုရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအတွက် ဆန္ဒမဲပေးမှုကို ရုရှားနိုင်ငံတစ်ဝန်းတွင် ၁-၇-၂၀၂၀ ရက်နေ့ကကျင်းပခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို ထောက်ခံသူ အရေအတွက် ၇၇ ဒသမ ၉၂ ရာခိုင်နှုန်း၊ ကန့်ကွက်သူအရေအတွက် ၂၁ ဒသမ ၂၇ ရာခိုင်နှုန်းရှိကြောင်း သိရပြီး မဲပေးခွင့်ရှိသူအရေအတွက်၏ ၆၇ ဒသမ ၉၇ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်တွင် အောက်ပါအချက်များ အဓိကပါဝင်ပါသည်-

- (က) ရုရှား ဖွဲ့စည်းပုံအခြေခံဥပဒေသည် အပြည်ပြည်ဆိုင်ရာဥပဒေထက် အရေးပါခြင်း၊
- (ခ) အောက်လွှတ်တော်အနေဖြင့် ဝန်ကြီးချုပ် အမည်စာရင်းတင်သွင်းမှုကို အတည်ပြုခြင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်ခြင်းကို အတည်ပြုခြင်း၊ သမ္မတအနေဖြင့် အဆိုပါပုဂ္ဂိုလ်များ ခန့်အပ်မှုကို ငြင်းပိုင်ခွင့်မရှိသော်လည်း လိုအပ်ပါက ရာထူးမှဖယ်ရှားနိုင်ခြင်း၊
- (ဂ) သမ္မတလောင်းတစ်ဦးသည် ရုရှားနိုင်ငံတွင် အနည်းဆုံး (၂၅) နှစ် တစ်ဆက်တည်း နေထိုင်ရန်လိုအပ်ခြင်း၊
- (ဃ) သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရားသူကြီးများ၊ ဒေသဆိုင်ရာအကြီးအကဲများ အနေဖြင့် နိုင်ငံခြားသား သို့မဟုတ် အခြားနိုင်ငံတွင် နေထိုင်ခွင့်ရရှိထားသူ မဖြစ်ရခြင်း၊
- (င) အထက်လွှတ်တော်က ပြည်ထောင်စုတရားသူကြီးများအား တာဝန်မှရပ်သိမ်းပေးရန် သမ္မတထံအဆိုပြုနိုင်ခြင်း၊ သမ္မတ၏အဆိုပြုချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးနှင့် တရားလွှတ်တော်ချုပ်တရားသူကြီးများကို တာဝန်မှ ရုပ်သိမ်းနိုင်ခြင်း၊
- (စ) နိုင်ငံတော်သမ္မတအနေဖြင့် တရားဥပဒေစိုးမိုးရေးအေဂျင်စီ အကြီးအကဲများ ခန့်အပ်ခြင်းကို အထက်လွှတ်တော်နှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊
- (ဆ) နိုင်ငံတော်ကောင်စီ၏ အခန်းကဏ္ဍနှင့် အနေအထားဖွင့်ဆိုခြင်း၊ (လက်ရှိဖွဲ့စည်းပုံအရအဆိုပါကောင်စီမှာအကြံပေးသဘောအဖွဲ့သာရှိပြီး လက်ရှိဖွဲ့စည်းပုံအရ တာဝန်တိတိကျကျ သတ်မှတ်မထားပါ။)
- (ဇ) နိုင်ငံတော်သမ္မတက မေတ္တာရပ်ခံလာပါက ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပြန်လည်စိစစ်ရန် ခွင့်ပြုခြင်း၊
- (ဈ) သမ္မတ၏အများဆုံးတာဝန်ထမ်းဆောင်နိုင်မှု သက်တမ်းအကြိမ်အရေအတွက် သတ်မှတ်ချက်ကို ပယ်ဖျက်ခြင်း။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းထားရှိမှု

ရုရှားနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈၁ အရ သမ္မတရွေးကောက်ပွဲကျင်းပခြင်း၊ ဖက်ဒရယ် ရွေးကောက်ပွဲများကျင်းပခြင်းနှင့် ရွေးကောက်ပွဲများကိုကြီးကြပ်ခြင်း စသည်တို့ကို လုပ်ဆောင်နိုင်သည့် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၁၉၉၃ ခုနှစ် စက်တင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်၏သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး သမ္မတမှ ရွေးချယ်ခန့်အပ်ထားသူ ငါးဦး၊ အထက်လွှတ်တော် (Federal Council) မှ ရွေးချယ်ခန့်အပ်ထားသူ ငါးဦးနှင့် အောက်လွှတ်တော် (State Duma) မှ ရွေးချယ်ခန့်အပ်ထားသူ ငါးဦး စုစုပေါင်းအဖွဲ့ဝင် ၁၅ ဦး ပါရှိပါသည်။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ဗဟိုရွေးကောက်ပွဲကော်မရှင်၏ ပထမအကြိမ် အစည်းအဝေး၌ လျှို့ဝှက်မဲပေးစနစ်ဖြင့် မဲပေးရွေးချယ်ကြောင်း သိရှိရပါသည်။

လက်ရှိ ဗဟိုရွေးကောက်ပွဲကော်မရှင်သည် နှစ်ပေါင်း ၂၀ အတွင်း သတ္တမအကြိမ်မြောက် ဖွဲ့စည်းသည့် ကော်မရှင်ဖြစ်ပါသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌမှာ မစ္စအီလာပန်ဖီလိုဗာ (Ms. Ella Pamfilova) ဖြစ်ပြီး ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ၁၅ ဦးအနက် ခြောက်ဦးမှာ ယခင်ရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြသည်။ အဖွဲ့ဝင်များမှာ ချမ်းသာကြွယ်ဝ၍ အတွေ့အကြုံရှိသူများဖြစ်သည့်အပြင် ရွေးကောက်ပွဲလုပ်ငန်းများတွင် ကြိမ်ဖန်များစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသူများလည်းဖြစ်ကြောင်း သိရှိရပါသည်။

လက်ရှိရွေးကောက်ပွဲကော်မရှင်၏ဖွဲ့စည်းပုံတွင် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများသာမက လွှတ်တော်ပြင်ပရှိ နိုင်ငံရေးပါတီများ၏ပါတီဝင်များပါ ထည့်သွင်းဖွဲ့စည်းထားရှိကြောင်း တွေ့ရှိရသည့်အတွက် နိုင်ငံရေးအရ ဘက်ပေါင်းစုံမှပါဝင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

## ရွေးကောက်ပွဲတွင်မဲပေးခြင်း

ရုရှားနိုင်ငံ၏သမ္မတရွေးကောက်ပွဲတွင် မဲရုံများ၌ မဲပေးကြရာတွင် မဲပုံးအတွင်း မဲလက်မှတ် အသုံးပြု တိုက်ရိုက်ဆန္ဒမဲပေးခြင်း၊ အီလက်ထရွန်နစ်မဲပေးစက်အသုံးပြုဆန္ဒမဲပေးခြင်းနှင့် အွန်လိုင်းစနစ်အသုံးပြုဆန္ဒမဲပေးခြင်း စသည့်နည်းလမ်းသုံးခုတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ မဲလက်မှတ်သုံး တိုက်ရိုက်မဲပေးမှုစနစ်ဖြင့် မဲပေးသူများမှာ အသက်အရွယ်ကြီးရင့်သူများဖြစ်ကြပြီး အသက်ငယ်ရွယ်သူများမှာ အီလက်ထရွန်နစ်မဲပေးစက်ကို အသုံးပြု၍ မဲပေးကြသည်။ အွန်လိုင်းစနစ်ဖြင့် အသုံးပြုမဲပေးသူဦးရေမှာ အများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ရွေးကောက်ပွဲကျင်းပသည့်အချိန်ကာလကို သုံးရက်သတ်မှတ်ထားသဖြင့် မဲရုံများတွင် လာရောက်မဲပေးသူများအနေဖြင့် တန်းစီစောင့်ဆိုင်းစရာမလိုဘဲ မဲပေးနိုင်ကြကြောင်းလည်း တွေ့ရှိရသည်။

မဲစာရင်းတွင် မဲဆန္ဒရှင်အမည်ရှာဖွေခြင်းမှ စတင်၍ မဲပေးသည်အထိလုပ်ငန်းစဉ်များ၊ မဲပေးစက်/ မဲစာရွက်ဖြင့် မဲပေးနေမှုများမှာ သက်သောင့်သက်သာဖြင့် စည်းကမ်းတကျရှိသည်။ မဲရုံများတွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် စောင့်ကြည့်လေ့လာသူများဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကိုတွေ့ရှိရသည်။ မဲရုံလုံခြုံရေးဝန်ထမ်း၊ ရဲလုံခြုံရေးဝန်ထမ်းများ လုံလောက်စွာထားရှိပြီး မဲရုံများကို လုံခြုံရေးကင်မရာ (CCTV) Network အသင့်တပ်ဆင်ထားသည့် အစိုးရစာသင်ကျောင်းများ၊ ဒေသန္တရရုံးများတွင် ဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်းတွေ့ရှိရသည်။ မဲရုံသို့လာရောက်မဲပေးသည့်အခါ နိုင်ငံသားလက်မှတ် (Passport) ပြသရပြီး ယင်းလက်မှတ်ကို နည်းပညာအသုံးပြု၍ မဲစာရင်း ပါ/မပါ၊ မဲပေးပြီး/ မပြီးစစ်ဆေးနိုင်ပါသည်။ ထို့နောက် မဲပေးစက် သို့မဟုတ် မဲလက်မှတ်ဖြင့် မဲပေးနိုင်ကြောင်းရှင်းပြပြီး မဲဆန္ဒရှင်က ရွေးချယ်သည့်အတိုင်း မဲပေးနိုင်ရန်စီစဉ်ထားပါသည်။ မဲရုံများ၌ မဲပေးရာတွင် မဲဆန္ဒရှင်များသည် ၎င်းတို့၏ ကလေးငယ်များကိုပါ ခေါ်ဆောင်လာပြီး လျှို့ဝှက်ဆန္ဒပြုပြီးနောက် အဆိုပါ ကလေးငယ်များကို မဲစာရွက်များအား မဲပုံးထဲသို့ထည့်သွင်းစေခြင်းဖြင့် လူငယ်များ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အတွေ့အကြုံရရှိစေရန်နှင့် ယဉ်ပါးစေရန်ဆောင်ရွက်ကြကြောင်းတွေ့ရှိခဲ့ရသည်။ ရုရှားနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲပေးရာတွင် လွယ်ကူခြင်း (Easy)၊ လွတ်လပ်ခြင်း (Freedom) နှင့် သက်သောင့်သက်သာရှိခြင်း (Comfort) တို့ကို အလေးထားစီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

မော်စကိုမြို့ပေါ်ရှိ မဲရုံများကို CCTV Camera များနှင့် တိုက်ရိုက်ချိတ်ဆက်၍ မဲရုံများ၏ လှုပ်ရှားမှုမြင်ကွင်းများကို အဖွဲ့စနစ်ဖြင့် တိုက်ရိုက်စောင့်ကြပ်ကြည့်ရှုထိန်းကျောင်း ဆောင်ရွက်သည်။ မဲရုံများအတွင်းဖြစ်ပေါ်လျက်ရှိသည့် မသင်္ကာဖွယ်လှုပ်ရှားမှုများနှင့် ထူးခြားဖြစ်စဉ်များအား အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်သိရှိမှတ်တမ်းတင်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်းလည်း တွေ့ရှိရသည်။ ထူးခြားဖြစ်စဉ်အနေဖြင့် မတ်လ ၁၅ ရက်နေ့တွင် ဒေသန္တရမဲရုံတစ်ခု၌ အမျိုးသမီးတစ်ဦးက မဲပုံးအတွင်း အရောင်ပါသောအရည်များ လောင်းထည့်မှုကိုတွေ့ရှိ၍ ချက်ချင်းအရေးယူဆောင်ရွက်နိုင်ခဲ့သည်။ မဲရုံများတွင် ဖြစ်ပေါ်လျက်ရှိသောအခက်အခဲများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းဖြေရှင်းပေးလျက်ရှိသည်။ လေ့လာစောင့်ကြည့်ရေးအဖွဲ့များမှာစေတနာ့ဝန်ထမ်းကျောင်းသားလူငယ်အများစုကို သင်တန်းပို့ချ၍ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် ကျောင်းသားလူငယ်ထု၏ စိတ်ပါဝင်စားမှုပိုမိုရရှိကာ လူငယ်များအတွင်း ရွေးကောက်ပွဲယဉ်ကျေးမှု မြင့်မားတိုးတက်လာစေပါသည်။

ရုရှားနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အိုင်တီနည်းပညာပိုင်းအား ပိုမိုအားကောင်းစွာ အသုံးပြုထားသည်။ ရွေးကောက်ပွဲမတိုင်မီ လေးလအလိုတွင် အွန်လိုင်းမှတစ်ဆင့် မဲပေးမည့်သူများ၏စာရင်းများကို ကြိုတင်ကောက်ခံစာရင်းသွင်းစေခဲ့ပြီး ရွေးကောက်ပွဲကျင်းပမည့်နေ့များတွင် အွန်လိုင်းမှမဲပေးဆောင်ရွက်စေခြင်းဖြင့် မဲရုံများတွင် မဲပေးမည့်သူများ တန်းစီစောင့်ဆိုင်းခြင်းကို လျှော့ပါးစေခဲ့သည်။ ထို့အပြင် အွန်လိုင်းမဲပေးသူများအတွက် မဲလက်မှတ်များရိုက်နှိပ်မှု လျှော့ချနိုင်ခဲ့ပါသည်။ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များမှာ ယခင်အတွေ့အကြုံရှိသူများကို ပြန်လည်တာဝန်ပေးအပ်ထားခြင်းဖြစ်ပြီး ထိုသူများမှာ နိုင်ငံ့ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှစိတ်ပါဝင်စားသူများကို သင်တန်းများပို့ချ၍ တာဝန်ပေးအပ်ထားကာ မဲရုံများတွင် တာဝန်ထမ်းဆောင်သည့်အချိန်ကို Onduty အဖြစ် သတ်မှတ်ပေးထားသည်။

## နိဂုံး

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏အတွေ့အကြုံရင့်ကျက်စွာ ဆောင်ရွက်နိုင်စွမ်းတို့အပေါ် ကြိုတင်ပြင်ဆင်မှုအားကောင်းခြင်း၊ အစိုးရနှင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများက ကဏ္ဍအလိုက် ဝိုင်းဝန်းကူညီပံ့ပိုးနိုင်မှုနှင့် နယ်မြေအလိုက်အေးချမ်းတည်ငြိမ်မှုရှိခြင်း၊ မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအတွေ့အကြုံနှင့် ပညာရည်အဆင့်အတန်းမြင့်မားခြင်းတို့ကြောင့် ရွေးကောက်ပွဲသည် စနစ်တကျ သပ်သပ်ရပ်ရပ်ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သုံးသပ်ရရှိသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်၏ ကောင်းမွန်ပြည့်စုံသည့် ကြိုတင်ပြင်ဆင်မှုများဖြင့် ကျင်းပပြုလုပ်ခဲ့သော ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲသည် နိုင်ငံပေါင်း ၁၂၉ နိုင်ငံမှ နိုင်ငံတကာလေ့လာသူများနှင့် ရွေးကောက်ပွဲဆိုင်ရာကျွမ်းကျင်သူ ၁၁၁၅ ဦးတို့ လာရောက်လေ့လာခဲ့ကြပြီး နိုင်ငံအသီးသီး၏ ရွေးကောက်ပွဲကော်မရှင်များမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများက ကောင်းမွန်သည့် သဘောထားမှတ်ချက်များပေးခဲ့သည့်အတွက် ရွေးကောက်ပွဲပုံရိပ်မြင့်မားပြီး ခိုင်မာမှုကိုရရှိခဲ့ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ရုရှားပြည်သူများအနေဖြင့် **“တို့ပြည်သူလူထုအားဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတော်အတွက် မဲပေးကြပါစို့”** ဆောင်ပုဒ်နှင့်အညီ လူပုဂ္ဂိုလ်အကျိုး၊ ပါတီအကျိုးထက် နိုင်ငံတော်အကျိုးအတွက် အရည်အချင်းရှိသည့် ခေါင်းဆောင်အား တညီတညွတ်တည်း မဲပေးရွေးချယ်ခဲ့ကြကြောင်း တင်ပြလိုက်ရပါသည်။ ။

> **“မဲရုံများတွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် စောင့်ကြည့်လေ့လာသူများဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကို တွေ့ရှိရသည်။ မဲရုံလုံခြုံရေးဝန်ထမ်း၊ ရဲလုံခြုံရေးဝန်ထမ်းများ လုံလောက်စွာထားရှိပြီး မဲရုံများကို လုံခြုံရေးကင်မရာ (CCTV) Network အသင့်တပ်ဆင်ထားသည့် အစိုးရစာသင်ကျောင်းများ၊ ဒေသန္တရရုံးများတွင် ဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်း တွေ့ရှိရသည်။ မဲရုံသို့ လာရောက်မဲပေးသည့်အခါ နိုင်ငံသားလက်မှတ် (Passport) ပြသရပြီး ယင်းလက်မှတ်ကို နည်းပညာအသုံးပြု၍ မဲစာရင်း ပါ / မပါ၊ မဲပေးပြီး / မပြီးစစ်ဆေးနိုင်ပါသည်။ ထို့နောက် မဲပေးစက် သို့မဟုတ် မဲလက်မှတ်ဖြင့် မဲပေးနိုင်ကြောင်းရှင်းပြပြီး မဲဆန္ဒရှင်က ရွေးချယ်သည့်အတိုင်း မဲပေးနိုင်ရန်စီစဉ်ထားပါသည်။ မဲရုံများ၌ မဲပေးရာတွင် မဲဆန္ဒရှင်များသည် ၎င်းတို့၏ ကလေးငယ်များကိုပါ ခေါ်ဆောင်လာပြီး လျှို့ဝှက်ဆန္ဒပြုပြီးနောက် အဆိုပါ ကလေးငယ်များကို မဲစာရွက်များအား မဲပုံးထဲသို့ထည့်သွင်းစေခြင်းဖြင့် လူငယ်များ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အတွေ့အကြုံရရှိစေရန်နှင့် ယဉ်ပါးစေရန် ဆောင်ရွက်ကြကြောင်း တွေ့ရှိခဲ့ရသည်”**

# အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ပုသိမ် ဧပြီ ၂၁

**ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအဖြစ် စာသင်ဝိုင်းများကို ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ မအူပင်ခရိုင်အတွင်းရှိ စာသင်ဝိုင်းများကို ဧပြီ ၂၀ ရက်က သွားရောက်ကြည့်ရှုအားပေးသည်။**(ယာပုံ)



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းတနော်မြို့နယ် ဆယ့်နှစ်ရွာအခြေခံပညာအထက်တန်းကျောင်းခွဲ စာသင်ဝိုင်းသို့လည်းကောင်း၊ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာဓမ္မာရုံ စာသင်ဝိုင်းသို့လည်းကောင်း၊ မအူပင်မြို့နယ် အလန်းအုပ်ကျေးရွာ မူလတန်းလွန်ကျောင်း စာသင်ဝိုင်းသို့လည်းကောင်းသွားရောက်၍ အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများ သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဆရာ ဆရာမများနှင့် စာသင်သားများအား လက်ဆောင်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မအူပင်မြို့နယ် ခတ္တိယကျေးရွာ ဝါဝါဝင်း စိုက်ပျိုးမွေးမြူရေးကုမ္ပဏီသို့ သွားရောက်၍ GW-11 နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ငါးနှင့်စပါး အလှည့်ကျ မွေးမြူ စိုက်ပျိုးရာတွင် အထွက်တိုး မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးမွေးမြူကြရန် မှာကြားခဲ့သည်။ အဆိုပါ စိုက်ပျိုးမွေးမြူရေးကုမ္ပဏီ၏ ငါးမွေးမြူရေးကန်များမှ ငါးဖမ်းပြီး လုပ်ထားသည့် ဧက ၁၆၀၀ တွင် နွေစပါး GW-11 ဧက ၈၉၀၊ ထွန်းပု ၄၆၅ ဧက၊ ရက်ကိုးဆယ် ၂၄၅ ဧက စိုက်ပျိုးထားရှိပြီး GW-11 နွေစပါးစံကွက်ရိတ်သိမ်းရာတွင် ၁ ဧကလျှင် စပါးအခြောက် တင်း ၁၃၀ ထွက်ရှိကြောင်း၊ စပါးသိမ်းပြီးစီးသည့် ငါးကန်များတွင် ရေပေးသွင်းကာ ငါးများပြန်လည် မွေးမြူထားကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များတွင် မိုးရာသီရေကြီးရေလျှံမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ရေနုတ်မြောင်းများပြုပြင်တူးဖော်

**မြစ်ကြီးနား ဧပြီ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့ပေါ်ရပ်ကွက်တချို့၌ နှစ်စဉ် မိုးရာသီတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိရာ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘဏ္ဍာနှစ်အလိုက် ရေနုတ်မြောင်းများ ပြုပြင်/ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပြီး လာမည့်မိုးရာသီတွင်လည်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ မြို့ပေါ်ရပ်ကွက်များသို့ ဧပြီ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးသည်။



ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ အရာထမ်း၊ အမှုထမ်းများနှင့်အတူ မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးနှင့် ပြည်နယ်တရားလွှတ်တော် ရုံးရှေ့တို့ရှိ အောင်ဆန်းလမ်းကို လမ်းရေိယာ တိုးချဲ့၍ ဘေးဝဲ/ယာ ရေနုတ်မြောင်းများ စနစ်တကျ တူးဖော်ဆောင်ရွက်သွားနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စု လမ်းမကြီးနှင့် အနော်ရထာလမ်းဆုံနေရာတွင် လမ်းလယ်ကျွန်းများကို တိုးချဲ့ဆောင်ရွက်၍ ပန်းမြို့တော်စီမံကိန်းဖြင့် အလှပန်းပင်များ ပိုမိုစိုက်ပျိုးနိုင်ရေး၊ ထို့အပြင် လမ်းဆုံနေရာများတွင် လမ်းလယ်ကျွန်းများကို လမ်းဖြတ်ကူးသည့် ယာဉ်ကြီး/ ယာဉ်ငယ်များ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ပြုပြင်ဆောင်ရွက်နိုင်ရန် မြေပြင်အခြေအနေကို စနစ်တကျ ကွင်းဆင်းတိုင်းတာ စစ်ဆေးဆောင်ရွက်သွားရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မြို့သစ်ကြီးရပ်ကွက်အတွင်း ဈေးကြီးလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၏ ရေနုတ်မြောင်း ရှင်းလင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြို့သစ်ကြီးရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းဆုံနေရာတွင် လည်းကောင်း၊ Northern Star ဂေါက်ကွင်းသွားလမ်းမှ မြို့သစ်ကြီးမြောင်းမကြီးကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ မြောင်းမကြီး ရှင်းလင်းရေး လုပ်ငန်းများကို မိုးမကျမီ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေး၊ မြောင်းမကြီးတစ်လျှောက် လူနေအိမ်ခြံဝင်းများ ကျူးကျော်ဆောက်လုပ်မှု မရှိစေရေးနှင့် ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ (ဝဲပုံ)

ထိုမှတစ်ဆင့် ကြက်ပေါခြံရပ်ကွက်ကို ဖြတ်သန်းစီးဆင်းသည့် အမှတ်(၄) ပင်မရေနုတ်မြောင်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြောင်းရှင်းလင်းရေး လုပ်ငန်းများကို ရေကြည်ချောင်းနှင့် ဆုံသည့်နေရာအထိ ဧရာဝတီမြစ်အတွင်းသို့ ကောင်းမွန်စွာ စီးဝင်နိုင်ရေး အမြန်ဆုံး ရှင်းလင်းဆောင်ရွက်သွားရန်မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်
(ပြန်/ဆက်)

# မုဒုံမြို့နယ်ဒေသထွက် မင်းကွတ်သီးများ စပေါ်ချိန် ဈေးကောင်းရရှိ

**မုဒုံ ဧပြီ ၂၁**

မွန်ပြည်နယ်သည် လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးပြည်နယ်ဖြစ်ပြီး ကာလရှည်သီးနှံတစ်မျိုးဖြစ်သည့် ရာသီပေါ် မင်းကွတ်သီးများ ယခုနှစ် စတင်ထွက်ရှိချိန်တွင် ယခင်နှစ်များထက် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

မင်းကွတ်သီးပင်များသည် မြေပြန့်နှင့် မြေသြဇာထက်သန်သောသဲနုန်းမြေပွ၊ ပူအိုက်စိုစွတ်ထိုင်းမှိုင်းသော ရာသီဥတုမျိုးကို ကြိုက်နှစ်သက်၍ အပင်များကို အစေ့မှ ပျိုးထောင်စိုက်ပျိုးခြင်းနှင့် ကိုင်းဆက်ကိုင်းကူးနည်းများဖြင့် အကျယ်သုံးပေ၊ အနက်သုံးပေ အတွင်းမှ တစ်ပင်နှင့်တစ်ပင် ပေ ၂၀ ခန့်အကွာ စိုက်ပျိုးနိုင်ကြောင်း၊ ပျိုးပင်များစိုက်ပျိုးပြီး ၁၀ နှစ် မှ ၁၂ နှစ်အရွယ်ရောက်ချိန်မှသာ အသီးစတင်ထွက်ရှိ၍ ခူးဆွတ်ရောင်းချနိုင်ပြီး အပင်တစ်ပင်လျှင် သက်တမ်း နှစ် ၄၀ မှ ၅၀ အထိ ရှင်သန် နိုင်ကာ ပိုးမွှားကင်းစင်သည့် အပင်တစ်မျိုးဖြစ်ကြောင်း၊ မင်းကွတ်သီးများ ယခုစတင်ထွက်ရှိချိန်တွင် တစ်လုံးလျှင် ကျပ် ၃၀၀ မှ ၈၀၀ ကျပ်အထိ ရရှိကာ မြို့ပေါ်ဈေးများနှင့် မော်လမြိုင်၊ ပဲခူး၊ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးများအပြင် အခြားမြို့နယ်များကိုလည်း တင်ပို့ရောင်းချရကြောင်း မုဒုံမြို့နေ ခြံစိုက်တောင်သူတစ်ဦးက ပြောသည်။



မုဒုံမြို့နယ်တွင် ဒေသထွက် သစ်သီးဝလံ မျိုးကောင်းမျိုးသန့်များကို ပြည်တွင်းပြည်ပ တင်ပို့နိုင်ရန် သုတေသနပြုစိုက်ခင်းများ ပျိုးထောင်ထားရှိခြင်း၊ သစ်သီးဝလံ သုတေသန စိုက်ပျိုးရေးနည်းပညာများကို တောင်သူများထံ ဖြန့်ဝေပေးခြင်း၊ သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့်ပူးပေါင်းခြင်းတို့ကို စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်မျိုးသူ (ပြန်/ဆက်)

# မြစ်သားမြို့နယ်အတွင်းရှိ နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မြစ်သား ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ဒေသခံတောင်သူများက ပန်းလောင်မြစ်ရေတင်မှုရေဖြင့် နှမ်းဖြူများကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် နှမ်းဖြူများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်လာသဖြင့် ဒေသခံတောင်သူများက သီးနှံများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ယခုအခါ နှမ်းဖြူစိုက်တောင်သူများသည် ပေါင်ကန့်ရေသွင်းစနစ်ဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ တစ်ဧကလျှင် တစ်ပြည်နှင့် လေးဘူးသာကုန်ကျ၍ နှစ်လခန့်အကြာတွင် နှမ်းဖြူစိုက်ခင်းများ အပွင့်၊ အသီးစတင်ဖူးပွင့်ပြီး လေးလခန့်အကြာတွင် စတင်ရိတ်သိမ်းရကြောင်း၊ ယခင်နှစ်များက နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၅၀၀၀၀ ရှိပြီး ယခုနှစ်တွင် ကျပ် ၁၆၀၀၀၀ ဈေးနှုန်းရရှိနေ၍ ပေါင်ကန့်ရေသွင်းစနစ်ဖြင့် နှမ်းဖြူစိုက်ပျိုးသောတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ မြစ်သားမြို့နယ်၌ ယခုနှစ်တွင် လက်ပံဆိပ်၊ ကူဖြူ၊ နီပါးကုန်း၊နဲ့ဝဲ၊ ကဆွန်၊ လမ်းခွ၊ ပေါ်မော၊ ကြောင်ပန်းကုန်း၊ အုပ်ရှစ်ကုန်း၊ တလိုင်းကုန်း၊ ထနောင်းကုန်း၊ သမတန်း၊ငါးဆူ၊ ရွှေပေါ်ကျွန်း၊ ကျန်တော၊ ကုက္ကိုကုန်း၊ ရွှေကြာအင်းနှင့် ကုက္ကိုစုကျေးရွာတို့တွင် နှမ်းဖြူများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းထွန်း**

ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# အီရန်သမ္မတ ရိုင်စီ ပါကစ္စတန်နိုင်ငံသို့ သုံးရက်ကြာ သွားရောက်မည်

**အစ္စလာမ္မာဘတ် မေ ၂၁**

အီရန်သမ္မတ အီဘရာဟင်ရိုင်စီသည် မေ ၂၂ ရက်မှ ၂၄ ရက်အထိ ပါကစ္စတန်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက မေ ၂၁ ရက်တွင် ပြောကြားသည်။

အီရန်သမ္မတ ရိုင်စီသည် ပါကစ္စတန်နိုင်ငံသို့အလည်အပတ်သွားရောက်မည့် သုံးရက်ကြာခရီးစဉ်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီးပါဝင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၊ အခြားအစိုးရအဖွဲ့ဝင်များ၊ အဆင့်မြင့်အရာရှိများနှင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့တို့နှင့်အတူ သွားရောက်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ပြောကြားသည်။



အီရန်သမ္မတ အီဘရာဟင်ရိုင်စီ။

အီရန်သမ္မတက ပါကစ္စတန်ဝန်ကြီးချုပ် ရှက်ဘက်ရှာရက်ဖ်၊ သမ္မတ အာဆစ်အလီဇာဒါရီနှင့် အခြားခေါင်းဆောင်များနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

နှစ်ဖက်ခေါင်းဆောင်များသည် ကုန်သွယ်ရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ စိုက်ပျိုးရေးကဏ္ဍများအပါအဝင် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် ပါကစ္စတန်-အီရန် ဆက်ဆံရေး ပိုမိုခိုင်မာစေရန် အစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ

# တန်ဇန်းနီးယားနိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူပေါင်း ၆၆ ဦးအထိတိုးလာ

**ဒါအက်ဆလမ် မေ ၂၁**

တန်ဇန်းနီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုကြောင့် သေဆုံးသူစုစုပေါင်းမှာ ပြီးခဲ့သည့်သီတင်းပတ်က ၅၈ ဦးရှိရာမှ ယခုအခါ ၆၆ ဦးအထိတိုးလာကြောင်း ရဲအရာရှိများက မေ ၂၀ ရက်က ပြောကြားသည်။

နောက်ထပ်သေဆုံးသူများမှာ ရူဖီဂျီ၊ အမ်ဝန်ဇန်၊ ရှီမီယုနှင့် အရပ်ရှာ အပါအဝင် ဒေသအနှံ့အပြားမှ ဖြစ်ကြောင်း တန်ဇန်းနီးယားရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒေးဗစ်မစ်ဆီက ပြောကြားသည်။

တန်ဇန်းနီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုကြောင့် မေ ၁ ရက်မှ ၁၃ ရက်အတွင်း ဒေသ ၁၀ ခု၌ သေဆုံးသူ ၅၈ ဦးရှိသည်ဟု ကနဦးသတင်းများက မေ ၁၄ ရက်တွင် ဖော်ပြထားကြောင်း သိရသည်။

ဆင်ဟွာ




အစ္စဖာဟန်ပြည်နယ် အီရန်လေတပ်စခန်း၌ S-300 လေကြောင်းကာကွယ်ရေးစနစ် ပျက်စီးမှုကို တွေ့ရစဉ်။

# အစ္စရေးတို့၏တိုက်ခိုက်မှုကြောင့် အီရန်လေကြောင်းကာကွယ်ရေးစနစ် ပျက်စီး

**ဂျေရုဆလင် မေ ၂၁**

အီရန် လေတပ်အခြေစိုက်စခန်းအနီးတွင် ဧပြီ ၁၉ ရက်က ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုကြောင့် ဈူကလီးယားစက်ရုံများ ထားရှိသည့်နေရာတွင် လေကြောင်းကာကွယ်ရေးစနစ် ပျက်စီးခဲ့ကြောင်း နယူးယောက်တိုင်းမ်စ်တွင် ဖော်ပြထားသည်။

အီရန်ကို လက်တုံ့ပြန်တိုက်ခိုက်ရန် တပ်ဖြန့်ချထားသည့် အစ္စရေးလက်နက်သည် အစ္စဖာဟန်ပြည်နယ်အလယ်ပိုင်း နက်တန်ဇ်အနီး လေကြောင်းရန် ထောက်လှမ်းကာကွယ်ရေးစနစ်ကို ဖျက်ဆီးပစ်နိုင်ခဲ့သည်ဟု အနောက်အုပ်စုနှင့် အီရန်အရာရှိများက ပြောကြားသည်ကို နယူးယောက်တိုင်းမ်တွင် ကိုးကားဖော်ပြထားသည်။ အစ္စရေးသည် အီရန်လေကြောင်းကာကွယ်ရေးစနစ်များကို ထောက်လှမ်းမရနိုင်အောင် ဖြတ်ကျော်နိုင်သည်ဟု ပြသရန်အတွက် ယခုလိုတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း အနောက်နိုင်ငံမှ အရာရှိများက ပြောသည်။

အစ္စဖာဟန်ပြည်နယ် လေတပ်အခြေစိုက်စခန်းအနီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အသေးစားဒရုန်းအများအပြားကို ပစ်ချခဲ့ကြောင်း အီရန်မီဒီယာများတွင် ဧပြီ ၁၉ ရက်က ဖော်ပြထားသည်။ အစ္စရေးသည် ၎င်းတို့ ၏ အဆင့်မြင့်စစ်ရေးစွမ်းဆောင်မှုကို ပြသရန်အတွက် ဧပြီ ၁၉ ရက်က တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသူများက ပြောသည်။

ထိုစဉ် အီရတ်ရှိ အီရန်ကျောထောက်နောက်ခံပြုထားသည့် ရှီးယားစစ်သွေးကြွအုပ်စုက ဘဂ္ဂဒက်မြို့မှ ၅၀ ကီလိုမီတာ အကွာတွင်ရှိသည့် ၎င်းတို့အခြေစိုက်စခန်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း လူမှုကွန်ရက်မီဒီယာတွင် ဖော်ပြခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသတွင် နောက်ထပ်မတည်ငြိမ်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြသည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်သို့ရောက်ရှိနေသည့် အာဖဂန်နစ္စတန် ဒုက္ခသည် ၈၀၀ ကျော် နေရပ်ပြန်

**ကဘူးလ် မေ ၂၁**

အိမ်နီးချင်း ပါကစ္စတန်သို့ ရောက်ရှိနေသည့် အာဖဂန်နစ္စတန်မှဒုက္ခသည် ၈၀၀ ကျော်မှာ မေ ၁၉ ရက်တွင် ၎င်းတို့၏ နေရပ်သို့ ပြန်သွားကြပြီဖြစ်ကြောင်း အာဖဂန်နစ္စတန် ဒုက္ခသည်များပြန်လည်လက်ခံရေး ဝန်ကြီးဌာနက ပြောသည်။ ဒုက္ခသည် ၈၃၇ ဦးမှာ ပါကစ္စတန်မှ တော့ဟမ်နှင့် စပင်ဘိုဒါ့ခ် နယ်စပ်ဖြတ်သန်းရေးဂိတ်များမှတစ်ဆင့် အာဖဂန်နစ္စတန်သို့ ပြန်သွားကြပြီဖြစ်ကြောင်း ပြောသည်။

ပါကစ္စတန် အစိုးရသည် မေ ၁၅ ရက်မှစတင်ကာ အာဖဂန်ရွှေ့ပြောင်း နေထိုင်သူများကို ဒုတိယအသုတ်အနေဖြင့် နေရပ်ပြန်လည်ပို့ဆောင်မှုများ စတင်ပြုလုပ်ခဲ့သည်။ ပထမအသုတ်အဖြစ် အာဖဂန်ဒုက္ခသည် ၅၅၀၀၀၀ ကျော်ကို နေရပ်ပြန်လည် ရောက်ရှိလာပြီဖြစ်ကြောင်း အာဖဂန်အရာရှိများက ပြောသည်။

အာဖဂန်အစိုးရသည် နိုင်ငံရပ်ခြားသို့ ရောက်ရှိနေသည့် ၎င်းတို့နိုင်ငံသားများ နေရပ်ပြန်ရန် မကြာခဏ ဖိတ်ခေါ်တိုက်တွန်းခဲ့ပြီး စစ်ပွဲဒဏ်ခံတိုင်းပြည်ကို ပြန်လည်တည်ဆောက်ရာတွင် ပါဝင်ကြရန်လည်း တိုက်တွန်းခဲ့သည်။ **ဆင်ဟွာ**



နေရပ်ပြန် အာဖဂန်ဒုက္ခသည်များကို တွေ့ရစဉ်။



ပြင်းထန်သော အပူချိန်ကို အန်တုကာ အလုပ်လုပ်ကိုင်နေသူကို တွေ့ရစဉ်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အပူချိန်ပြင်းထန်မှုကြောင့် လေးဦး သေဆုံးမှုဖြစ်ပွား

**ဒါကာ မေ ၂၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၏ လမ်းများတွင် မေ ၂၁ ရက်က ပုံမှန်ထက် ကူးလူးသွားလာလှုပ်ရှားမှုများ နည်းပါးခဲ့ကြောင်း သိရသည်။ ထို့ပြင် ဒါကာမြို့တွင် အပူချိန် အလွန်ပြင်းထန်သောကြောင့် အမိုးဖွင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အချို့ ရပ်နားထားရသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်း လူသန်းပေါင်းများစွာမှာ အပူနှင့်ဆက်နွှယ်သော အန္တရာယ်ရှိကြောင်း ပြင်းထန်သော နွေရာသီ၏ အစပိုင်း ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်ပြီး ကျွမ်းကျင်သူများက သတိပေးထားသည်။ မေ ၂၁ ရက် နံနက်ပိုင်းတွင် လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦး အပူလျှပ်မှုကြောင့် သေဆုံးခဲ့သည်ဟု ဆိုသည်။

ထို့ကြောင့် နိုင်ငံအတွင်း အပူလျှပ်မှုကြောင့် သေဆုံးသူ လေးဦးအထိ ရှိလာပြီဖြစ်သည်။ ပြင်းထန်သော အပူချိန်ကို ရှောင်ရှားနိုင်ရန် ဘင်္ဂလားဒေ့ရှ် အစိုးရသည် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများ၊ ကောလိပ်များ၊ နည်းပညာဆိုင်ရာ အဖွဲ့အစည်းများအားလုံးကို မေ ၂၁ ရက်မှ ၂၇ ရက်အထိ ပိတ်ထားရန် ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း ဒေသအများအပြား၌ အပူချိန် ၄၂ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိခဲ့ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်မိုးလေဝသဦးစီးဌာန (ဘီအမ်ဒီ) က အပူလှိုင်းသတိပေးချက်ကို ထုတ်ပြန်ထားပြီး ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုနှစ်နွေရာသီ၏ အမြင့်ဆုံးအပူချိန်မှာ ဂျက်ဆိုးခရိုင်တွင် ဖြစ်ပြီး ၄၂ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်စ်အထိရှိခဲ့ကြောင်း မိုးလေဝသပညာရှင် ဆူလ်တာနာက ပြောသည်။

မြို့တော် ဒါကာရှိ အပူချိန်မှာ မေ ၂၀ ရက်က ၄၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။ ဒါကာတွင် ပြီးခဲ့သည့်နှစ် ဧပြီ ၁၆ ရက်တွင် အပူချိန် ၄၀ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိခဲ့သောကြောင့် နှစ်ပေါင်း ၅၈ နှစ်အတွင်း အမြင့်ဆုံးအပူချိန် ဖြစ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အရှေ့အလယ်ပိုင်းဒေသမှာ စစ်မက်နယ်မြေကျယ်ပြန့်လာနိုင်တဲ့ အလားအလာတွေ ထင်သာမြင်သာရှိလာ

လင်းလက်ကြယ်

ဂါဇာ ကမ်းမြောင်ကို အစ္စရေးက ဆက်လက်ထိုးစစ်ဆင် တိုက်ခိုက်နေမှုတွေကြောင့် အရှေ့အလယ်ပိုင်းဒေသမှာ တင်းမာမှုတွေ မြင့်တက်နေချိန် အစ္စရေး-အီရန်ပဋိပက္ခ ထပ်မံပေါ်ပေါက်လာတာကြောင့် စစ်မက်ဖြစ်ပွားမှုအရှိန် ပိုမိုပြင်းထန်လာနိုင်တဲ့ စိုးရိမ်မှုတွေ မြင့်တက်လျက်ရှိပါတယ်။ အစ္စရေးရဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဂါဇာ ကမ်းမြောင်မှာ ပါလက်စတိုင်းသေဆုံးသူ အရေအတွက်ဟာ ၃၄၀၀၀ နဲ့ ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်မှာဆိုရင်လည်း ၇၆၀၀၀ ကို ကျော်လွန်လာပြီ ဖြစ်ပါတယ်။



အီရန်နိုင်ငံမှ ပစ်လွှတ်လိုက်သော ဒုံးကျည်များကို အစ္စရေး Iron Dome လေကြောင်းရန် ကာကွယ်ရေးစနစ်က ကြားဖြတ်ပစ်ချဟန့်တားမှုကို အစ္စရေးနိုင်ငံ အလယ်ပိုင်း၌ တွေ့ရစဉ်။

### အမေရိကန်ကို ဝေဖန်ရှုတ်ချ

အစ္စရေး - ဟားမားစ် ပဋိပက္ခစတင်ဖြစ်ပွားပြီးနောက် အမေရိကန်နိုင်ငံက တခြားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ နိုင်ငံတွေ ကြားဝင်တိုက်ခိုက်လာမှာကို ဟန့်တားဖို့အတွက် အရှေ့အလယ်ပိုင်းဒေသကို စစ်သင်္ဘောတွေ စေလွှတ်ခဲ့တယ်။ အဲဒီလို စေလွှတ်ပြီးနောက်မှာ အီရန်နိုင်ငံ အပါအဝင် ဒေသတွင်း လက်နက်ကိုင် အဖွဲ့အစည်းတွေက အမေရိကန်ကို ဝေဖန်ရှုတ်ချခဲ့ကြတယ်။

အမေရိကန်က အစ္စရေးကို နိုင်ငံတကာမျက်နှာစာတွေမှာ အကာအကွယ်ပေးခဲ့သလို အစ္စရေးရဲ့ ကာကွယ်ရေးဘက်မှာလည်း အကာအကွယ်ပေးမှုတွေရှိတာကြောင့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအချို့နဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကို ဒေါသအမျက်ပိုထွက်စေပါတယ်။ လက်ဘနွန်နိုင်ငံ အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စု၊ ယီမင်နိုင်ငံ အခြေစိုက် ဟူသီအုပ်စု၊ အီရတ်နိုင်ငံ အခြေစိုက် ရှီးယားအုပ်စု စတဲ့အုပ်စုတွေက အစ္စရေး - ဟားမားစ်ပဋိပက္ခစတင် ဖြစ်ပွားပြီးနောက်ပိုင်း ဟားမားစ်နဲ့ တစည်းတလုံးတည်းရှိကြောင်း ပြသကာ အစ္စရေးနဲ့ အမေရိကန်ကို ပစ်မှတ်ထား တိုက်ခိုက်လာတယ်။

### ကုန်စည်သင်္ဘောတွေကို မကြာခဏတိုက်ခိုက်

အရှေ့အလယ်ပိုင်း ဒေသမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေ အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခံခဲ့ရပြီးလည်း ဖြစ်ပါတယ်။ ယီမင်နိုင်ငံအခြေစိုက် ဟူသီအုပ်စုက ဟားမားစ်တွေနဲ့အတူရှိကြောင်း ပြသကာ ပင်လယ်နီအတွင်း ခုတ်မောင်းသွားလာနေတဲ့ ကုန်စည်သင်္ဘောတွေကို မကြာခဏ တိုက်ခိုက်လေ့ရှိပါတယ်။ လတ်တလောမှာ အီရန်နိုင်ငံက အစ္စရေးနဲ့ ဆက်နွှယ်မှုရှိတယ်လို့ဆိုကာ ပါရှန်ပင်လယ်ကွေ့မှာ ခုတ်မောင်းသွားလာနေတဲ့ သင်္ဘောတစ်စင်းကို ဖမ်းဆီးထိန်းသိမ်းထားပါတယ်။

### အမေရိကန် တပ်ဖွဲ့ဝင်အချို့ ထိခိုက်သေဆုံးမှုဖြစ်ပွား

အီရတ်နိုင်ငံရှိ အီရန်ကျောထောက်နောက်ခံပြုထားတဲ့ ရှီးယားလက်နက်ကိုင်အဖွဲ့က ဂျော်ဒန်နိုင်ငံမှာ ရှိတဲ့ အမေရိကန်တပ်ဖွဲ့တွေကို ဇန်နဝါရီ ၂၈ ရက်က ဒရုန်းတိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တာကြောင့် အမေရိကန်တပ်ဖွဲ့ဝင်အချို့ထိခိုက်သေဆုံးမှု ဖြစ်ပွားခဲ့ပါတယ်။ အဲဒီလို တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ဖေဖော်ဝါရီ ၂ ရက်မှာ အမေရိကန်လေတပ်က အီရတ်နဲ့ ဆီးရီးယားနိုင်ငံတို့မှာရှိတဲ့ အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့နဲ့ အီရန်ကျောထောက်နောက်ခံပြုထားတဲ့ စစ်သွေးကြွအဖွဲ့တွေကို ပစ်မှတ်ထားကာ လက်တုံ့ပြန်လေကြောင်းတိုက်ခိုက်မှု များစွာပြုလုပ်ခဲ့ပါတယ်။

အစ္စရေး - ဟားမားစ်ပဋိပက္ခစတင်ဖြစ်ပွားတဲ့ ယမန်နှစ် အောက်တိုဘာ ၇ ရက် နောက်ပိုင်း အီရန်ကျောထောက်ခံပြု စစ်သွေးကြွအဖွဲ့တွေက အီရတ်၊ ဂျော်ဒန်နဲ့ ဆီးရီးယားနိုင်ငံတွေမှာရှိတဲ့ အမေရိကန် အခြေစိုက်စခန်းတွေကို အကြိမ် ၁၇၀ ကျော် တိုက်ခိုက်မှုပြုလုပ်ခဲ့တယ်လို့ အစီရင်ခံ ဖော်ပြချက်တွေအရ သိရပါတယ်။ အမေရိကန်ရဲ့ လုပ်ရပ်တွေက စစ်မျက်နှာမကျယ်ပြန့်ဖို့ ရည်ရွယ်လုပ်ဆောင်သော်ငြား တင်းမာမှုတွေ မြင့်တက်နေတဲ့ အရှေ့အလယ်ပိုင်းဒေသမှာ မီးလောင်ရာလေပင့်သကဲ့သို့ ဖြစ်နေကြောင်း ဝေဖန်ပြောဆိုမှုတွေ ရှိပါတယ်။

### အီရန်သံရုံးကို လေကြောင်းတိုက်ခိုက်

အစ္စရေးနိုင်ငံက ဧပြီ ၁ ရက်မှာ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ အီရန်သံရုံးကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အကြီးတန်းတပ်မှူးတစ်ဦး၊ ၎င်းရဲ့ လက်ထောက်နဲ့ အခြားအရာရှိ ငါးဦး သေဆုံးခဲ့ပါတယ်။ ယင်းတပ်မှူးမှာ အီရန်နိုင်ငံပြင်ပ အထူးစစ်ဆင်ရေးအတွက် တာဝန်ယူထားတဲ့ အစ္စလာမ့်တော်လှန်ရေး အစောင့်တပ်ဖွဲ့ Quds တပ်ဖွဲ့မှ ဖြစ်ပါတယ်။

အစ္စရေးရဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေကြောင့် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ အဖွဲ့ဝင်နဲ့ တခြားအရာရှိ သေဆုံးမှုတွေ ဖြစ်ပွားလျက်ရှိပေမယ့် အီရန်သံတမန်အဆောက်အအုံကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှာ ပထမဆုံးအကြိမ်လို့ ဆိုပါတယ်။ ဆီးရီးယားရှိ အီရန်သံရုံးကို အစ္စရေးက တိုက်ခိုက်မှုပြုလုပ်ပြီးနောက် အီရန်သမ္မတ အီဗရာဟင်ရိုင်စီက လက်တုံ့ပြန်တိုက်ခိုက်မှု လုပ်ဆောင်သွားမယ်ဟုဆိုကာ အစ္စရေးကို ဒရုန်းနဲ့ ဒုံးကျည်ရာနဲ့ချီပြီး ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။

### အစ္စဖာဟန်ပြည်နယ်မှာ ပေါက်ကွဲသံတွေ ကြား

သို့သော်ငြား ပြင်သစ်၊ ယူကေနဲ့ အမေရိကန်တို့ရဲ့ ကူညီမှုနဲ့အတူ အစ္စရေးက ယင်းဒရုန်းနဲ့ ဒုံးကျည် ၉၉ ရာခိုင်နှုန်းကို ကြားဖြတ်ဟန့်တားပစ်ချနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ယင်းဖြစ်ရပ်ဖြစ်ပွားပြီး မကြာမီ အီရန်နိုင်ငံ အလယ်ပိုင်း အစ္စဖာဟန်ပြည်နယ်မှာ ပေါက်ကွဲသံတွေ ကြားခဲ့ရတယ်လို့ အီရန်သတင်းအေဂျင်စီက ပြောပါတယ်။ အဲဒီဒေသဟာ နျူကလီးယား အဆောက်အအုံတွေ၊ လေဆိပ်တွေ၊ လေတပ်အခြေစိုက်စခန်းတွေ တည်ရှိရာလည်း ဖြစ်ပါတယ်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက စက်ရုံတွေထိခိုက်မှု တစ်စုံတစ်ရာ မရှိဘူးလို့ ဆိုထားပါတယ်။ ယင်းတိုက်ခိုက်မှု မစတင်မီ အစ္စရေးတာဝန်ရှိသူတွေက ဝါရှင်တန်ကို အသိပေးခဲ့ကြောင်း အမေရိကန် သတင်းမီဒီယာတွေမှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် အီတလီနိုင်ငံမှာ ပြုလုပ်တဲ့ ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးပိတ် သတင်းစာရှင်းလင်းပွဲမှာ နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်က အမေရိကန်တိုက်ရိုက် ပါဝင်ပတ်သက်မှုကို ငြင်းဆိုထားတယ်။

အီရတ်နိုင်ငံမှာ အီရန်ကျောထောက်နောက်ခံပြု ရှီးယားပြည်သူ့စစ်အဖွဲ့ရဲ့ စစ်အခြေစိုက်စခန်း တစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့တာကြောင့်လည်း အရှေ့အလယ်ပိုင်းဒေသမှာ မတည်မငြိမ်မှုတွေ ဆက်လက်မြင့်တက်လာမှာကို စိုးရိမ်လျက်ရှိပါတယ်။ အဲဒီပေါက်ကွဲမှုဟာ မြို့တော်ဘဂ္ဂဒက်ရဲ့ တောင်ဘက်ကီလိုမီတာ ၅၀ ခန့် အကွာက အခြေစိုက်စခန်းတစ်ခုမှာ ဖြစ်ပွားခဲ့ကြောင်း လူမှုကွန်ရက်မှာ ရေးသားဖော်ပြထားပါတယ်။ ပေါက်ကွဲမှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို မသိရသေးပေမယ့် အီရတ်အာဏာပိုင်တွေရဲ့ ပြောကြားချက်ကို ကိုးကားပြီး အီရန်မီဒီယာတွေက ဒုံးကျည်တိုက်ခိုက်မှုဖြစ်ကြောင်း ဖော်ပြထားပါတယ်။

### လိုအပ်တဲ့သံတမန်ရေးရာကြိုးပမ်းမှု လုပ်ဆောင်သွားမှာဖြစ်

ယင်းဖြစ်ရပ်နဲ့ ပတ်သက်ပြီး အမေရိကန်အနေနဲ့ အီရတ်နိုင်ငံမှာ လေကြောင်း တိုက်ခိုက်မှုတွေ လုပ်ဆောင်ခြင်း မရှိကြောင်း အမေရိကန် ဗဟိုဌာနက ဆိုထားပါတယ်။ အရှေ့အလယ်ပိုင်းဒေသမှာ အခြေအနေ ပိုမိုဆိုးရွားမလာအောင် ဟန့်တားဖို့ လိုအပ်တဲ့ သံတမန်ရေးရာ ကြိုးပမ်းမှုမှန်သမျှကို ဂျပန်နိုင်ငံအနေနဲ့ လုပ်ဆောင်သွားမှာဖြစ်ကြောင်း ဂျပန်အစိုးရ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူက ဆိုပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံအနေနဲ့ အရှေ့အလယ်ပိုင်းက အခြေအနေတွေနဲ့ ပတ်သက်ပြီး အလွန်စိုးရိမ်ကြောင်းနဲ့ တင်းမာမှုတွေကို ဖြစ်ပေါ်စေတဲ့ မည်သည့်လုပ်ရပ်ကိုမဆို အပြင်းအထန် ရှုတ်ချကြောင်းလည်း အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ဟာယာချိက ပြောပါတယ်။

မည်သို့ပင်ဆိုစေ ဒေသတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းတွေ အင်အားလျော့နည်းစေဖို့၊ လုပ်ဆောင်နိုင်စွမ်းကျဆင်းစေဖို့ ရည်ရွယ်တဲ့ အမေရိကန်ရဲ့ လုပ်ရပ်တွေက အရှေ့အလယ်ပိုင်းဒေသ အခြေအနေ ပိုမိုရှုပ်ထွေးလာနိုင်တဲ့အပြင် စစ်မက်နယ်မြေ ကျယ်ပြန့်လာနိုင်တဲ့ အလားအလာတွေ ထင်သာမြင်သာရှိလာတယ်။ ။

- အီရတ်နိုင်ငံမှာ အီရန်ကျောထောက်နောက်ခံပြု ရှီးယားပြည်သူ့စစ်အဖွဲ့ရဲ့ စစ်အခြေစိုက်စခန်းတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့တာကြောင့်လည်း အရှေ့အလယ်ပိုင်းဒေသမှာ မတည်မငြိမ်မှုတွေ ဆက်လက်မြင့်တက်လာမှာကို စိုးရိမ်လျက်ရှိပါတယ်။ အဲဒီပေါက်ကွဲမှုဟာ မြို့တော်ဘဂ္ဂဒက်ရဲ့ တောင်ဘက်ကီလိုမီတာ ၅၀ ခန့်အကွာက အခြေစိုက်စခန်းတစ်ခုမှာ ဖြစ်ပွားခဲ့ကြောင်း လူမှုကွန်ရက်မှာ ရေးသားဖော်ပြထားပါတယ်
- ယင်းဖြစ်ရပ်နဲ့ပတ်သက်ပြီး အမေရိကန်အနေနဲ့ အီရတ်နိုင်ငံမှာ လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ဆောင်ခြင်း မရှိကြောင်း အမေရိကန် ဗဟိုဌာနက ဆိုထားပါတယ်

# လယ်ယာစီးပွား အကျိုးများဖို့ သမဝါယမ စွမ်းပကားနဲ့ ကူညီကြပါစို့

*စစ်လွမ်းနောင်(မန်းမြေသား)*

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများမှာ ဖြစ်ပြီး အများစုက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ရာသီဥတုမျှတပြီး ရေမြေသဘာဝ၊ မြေဆီမြေသြဇာပြည့်ဝ၍ ရေခံမြေခံကောင်းမွန်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး လုပ်ငန်းကို အဓိက လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ထိုအခြေခံကောင်းများအပေါ်မူတည်၍ လက်ရှိ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် စီးပွားရေး ဦးတည်ချက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးဆိုသည့် အမျိုးသားရေး ရည်မှန်းချက်များကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

**မိရိုးဖလာစနစ်ထက် စက်မှုလယ်ယာစနစ်ကို ကူးပြောင်းဆောင်ရွက်ရန်လို**

ထိုသို့ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဦးတည်ချက်နှင့် အမျိုးသားရေး ရည်မှန်းချက်များအောင်မြင်ရန် တောင်သူလယ်သမားများအနေဖြင့် လူ၊ ကျွဲ၊ နွား အစရှိသည်များနှင့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ကြိတ်ခွဲခြင်း စသည့် မိရိုးဖလာလက်မှုလယ်ယာစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေခြင်းထက် စက်မှုလယ်ယာစနစ်ကို ကူးပြောင်းလုပ်ကိုင်ဆောင်ရွက်မှသာ လယ်ယာထွက်ကုန်များ တိုးတက်လာမည်၊ အရည်အသွေးပြည့်ဝသည့်ထွက်ကုန်များ ရရှိလာမည်ဖြစ်ပါသည်။ ထို့ပြင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ခြင်းအားဖြင့် အချိန်ကုန်သက်သာပြီး လူ၊ ကျွဲ၊ နွားများ ပင်ပန်းမှုမှ သက်သာကြမည်ဖြစ်ပါသည်။ အရည်အသွေးပြည့်ဝသည့် လယ်ယာထွက်ကုန်များ တိုးတက်ရရှိလာသည့်အတွက် ဈေးကွက်အတွင်း ရောင်းချရာတွင် ဈေးကောင်းရရှိပြီး ဝင်ငွေတိုးကာ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာမည် ဖြစ်ပေသည်။

**တောင်သူလယ်သမားများ၏ အခက်အခဲများကို သမဝါယမစနစ်ဖြင့် ပံ့ပိုးကူညီပေးထားပြီးဖြစ်**

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေး၊ နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဦးတည်ချက်နှင့် အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်စေရေးတို့အတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိုက်ပျိုးစရိတ်မလုံလောက်မှု၊ စိုက်ပျိုးရေးသွင်းအားစုများ လုံလောက်စွာအသုံးမပြုနိုင်မှု၊ အရည်အသွေးပြည့်ဝကောင်းမွန်သည့် စိုက်ပျိုးရေးသွင်းအားစုများ ရရှိရန် ခက်ခဲမှု၊ စနစ်ကျသည့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ လက်လှမ်းမမီမှု၊ အထွက်နှုန်းကောင်းမွန်သည့် သီးနှံမျိုးစေ့များ အလွယ်တကူ မရရှိမှု၊ အချိန်မီ မစိုက်ပျိုးနိုင်မှု၊ အချိန်မီ မရိတ်သိမ်း/မခြွေလှေ့နိုင်မှု၊ သီးနှံဈေးကွက်တွင် ဈေးနှိမ်ခံရမှု အစရှိသည့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေး လုပ်ငန်းအတွက် အခက်အခဲလိုအပ်ချက်များကို သမဝါယမစနစ်ဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက် ရှိပါသည်။

အလားတူ မိရိုးဖလာလက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် အဆင့်ဆင့်သော လုပ်ငန်းစဉ်များရှိသည့်အနက် အဓိကကျသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် လယ်ယာသုံးစက်ကိရိယာများကို အထူးအလေးထား ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးအလေးထား ပံ့ပိုးကူညီဆောင်ရွက်ပေးရသည့် အကြောင်းရင်းကို တင်ပြရလျှင် လယ်ယာသုံးစက်ကိရိယာများ၏တန်ဖိုးမှာ အနည်းဆုံး ငွေကျပ် သိန်း ၃၀ မှ အများဆုံး ငွေကျပ် သိန်း ၅၀၀ ကျော် အထိဖြစ်ရာ တောင်သူလယ်သမားအများစုက တစ်လုံးတစ်ခဲတည်း လက်ငင်းပေးချေပြီး ဝယ်ယူနိုင်ရန် အခက်အခဲရှိကြပေလိမ့်မည်။ ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီများက တစ်ဦးချင်းတစ်ယောက်ချင်း ချိတ်ဆက်ပြီး အကြွေးစနစ်ဖြင့် ရောင်းချပေးနိုင်သည်ဆိုလျှင်တောင်မှ သိန်း ၅၀၀ ကျော်တန် စက်ပစ္စည်းဖြစ်ပါက အနည်းဆုံးနှစ်နှစ်မှ အများဆုံး သုံးနှစ်ဆိုင်းခန့်ဖြင့်သာ ရောင်းချပေးနိုင်ပေလိမ့်မည်။ သို့ဖြစ်ရာ ပြန်လည်ပေးဆပ်ရသည့်ကာလ တိုတောင်းသည့်အတွက် တောင်သူလယ်သမားများ အနေဖြင့် ဝယ်ယူသုံးစွဲရန် များစွာအခက်အခဲများ ရှိနိုင်ပေလိမ့်မည်။ သို့အတွက်ကြောင့် တောင်သူလယ်သမားအများစုက စက်မှုလယ်ယာစနစ်ကို တစ်ဦးချင်းတစ်ယောက်ချင်း ကူးပြောင်းလုပ်ကိုင်ဆောင်ရွက်ရန် မည်သည့်နည်းနှင့်မျှ စွမ်းဆောင်နိုင်ကြလိမ့်မည်မဟုတ်ပါ။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် အခြေခံသမဝါယမအသင်းများ ဖွဲ့စည်းပေးပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှု၊ ဗဟိုသမဝါယမအသင်းအပါအဝင် သမဝါယမအသင်း အဆင့်ဆင့်၏ တာဝန်ယူ၊ တာဝန်ခံမှုတို့ဖြင့် အသင်းသား တောင်သူလယ်သမားများထံသို့ ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီမှ ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများအား သမဝါယမ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို အခြေခံ၍ ခုနစ်နှစ်ဆိုင်း Hire Purchase စနစ်ဖြင့် ၄၄၀၁ စီး ရောင်းချပေးထားပြီးဖြစ်ပါသည်။ ထို့ပြင် အသင်းသား တောင်သူလယ်သမားများ စိတ်ကြိုက်ဖြစ်သည့် လယ်ယာသုံးစက်ကိရိယာအရောင်းဆိုင်၊ ကုမ္ပဏီများမှ နှစ်သက်ရာ စက်အမျိုးအစားကို ဝယ်ယူသုံးစွဲနိုင်စေရေး သက်ဆိုင်ရာ အရောင်းဆိုင်၊ ကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး သမဝါယမ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးထားပြီးလည်း ဖြစ်ပါသည်။



နေပြည်တော်တပ်ကုန်းမြို့နယ်၌ ဖေဖော်ဝါရီလက ပြုလုပ်သည့် သမဝါယမ လယ်ယာဝန်ဆောင်မှု သရုပ်ပြပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုအားပေးစဉ်။

**ဆက်လက်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးရန် စီမံဆောင်ရွက်လျက်ရှိ**

သမဝါယမစနစ်ဖြင့် ပံ့ပိုးကူညီလုပ်ကိုင်ဆောင်ရွက်ပေးနေမှုအပေါ် ပြည်သူအများ လက်ခံနားလည်သဘောပေါက်လာသည်နှင့်အမျှ သမဝါယမအသင်းများတွင် စုပေါင်းလုပ်ကိုင်ဆောင်ရွက်လိုစိတ်၊ ကိုယ့်အားကိုယ်ကိုးလိုစိတ်၊ ကိုယ်တိုင်တာဝန်ယူဆောင်ရွက်လိုစိတ်၊ အများဆန္ဒနှင့်အညီ စီမံခန့်ခွဲလိုစိတ်များရှိကြသည့် တောင်သူလယ်သမားများ ပူးပေါင်းပါဝင်လာပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာများကို သမဝါယမစနစ်ဖြင့် ဝယ်ယူလိုကြောင်း တင်ပြလာမှုများလည်း ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့ အသင်းသားတောင်သူလယ်သမားများ၏ တင်ပြလာမှုအပေါ် ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် သမဝါယမ လယ်ယာဝန်ဆောင်မှု သရုပ်ပြရှင်းလင်းပွဲ အခမ်းအနားများ ကျင်းပပြုလုပ်ပြီး အဆိုပါအခမ်းအနားများတွင် ပြည်တွင်းမှ လယ်ယာသုံးစက်ကိရိယာများ တင်သွင်းထုတ်လုပ်ဖြန့်ဖြူး ရောင်းချသည့် ကုမ္ပဏီများကို ဖိတ်ခေါ်၍ ၎င်းတို့ကုမ္ပဏီများမှ တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချသည့် လယ်ယာသုံးစက်ကိရိယာများ၏ စွမ်းရည်ကို လက်တွေ့ မောင်းနှင်ထွန်ယက် သရုပ်ပြရှင်းလင်းမှုများ ဆောင်ရွက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာသည့် အသင်းသား တောင်သူလယ်သမားများက သိရှိလိုသည်များ မေးမြန်းစုံစမ်းပြီး ၎င်းတို့ စိတ်ကြိုက်ဖြစ်သည့် လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်၊ ကောက်စိုက်စက်၊ မျိုးစေ့ချစက်၊ ထော်လာဂျီ အစရှိသည့် လယ်ယာသုံးစက်ကိရိယာများကို ဝယ်ယူလိုကြောင်း တင်ပြလာမှုအပေါ် သက်ဆိုင်ရာ သမဝါယမအသင်းအဆင့်ဆင့်မှတစ်ဆင့် ကုမ္ပဏီများနှင့်ချိတ်ဆက်ပြီး သမဝါယမ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝယ်ယူရရှိနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် Japan International Cooperation Agency(JICA)၏ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ (Two Step Loan) ကို ချေးယူပြီး လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူလိုသည့် အသင်းသားတောင်သူလယ်သမားများအတွက် JICA (Two Step Loan) ဆိုင်ရာ အကြောင်းအရာများသိရှိနိုင်စေရန် အဆိုပါ သမဝါယမလယ်ယာဝန်ဆောင်မှု သရုပ်ပြရှင်းလင်းပွဲ အခမ်းအနားများသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများအားဖိတ်ခေါ်၍ ရှင်းလင်းဆွေးနွေးပြောကြားစေပြီး ချေးငွေယူပြီး လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူလိုသည့်အသင်းသား တောင်သူလယ်သမားများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်ပေးပြီး ဆက်လက်ပံ့ပိုးကူညီပေးရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

**JICA (Two Step Loan)ချေးငွေ**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လက်သစ်ကျေးရွာ၌ ကျင်းပပြုလုပ်သည့် သမဝါယမ လယ်ယာဝန်ဆောင်မှု သရုပ်ပြရှင်းလင်းပွဲအခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းဆွေးနွေးပြောကြားချက်အရ တောင်သူလယ်သမားများအနေဖြင့် JICA (Two Step Loan)ချေးငွေအစီအစဉ်တွင် တစ်ဦးချင်းအနေဖြင့်သော် လည်းကောင်း၊ သုံးဦးမှ ၁၀ ဦးအထိပါဝင်သော အစု၊ အဖွဲ့ပုံစံဖြင့် လည်းကောင်း ချေးယူနိုင်ကြောင်း၊ တစ်ဦးချင်းချေးငွေပမာဏကို ငွေကျပ်သန်း ၇၀ သတ်မှတ်ထားပါကြောင်း၊ အစု၊ အဖွဲ့ဖြစ်ပါက အများဆုံး ငွေကျပ်သန်း ၅၀၀ အထိ သတ်မှတ်ထားပါကြောင်း၊

*စာမျက်နှာ ၁၇ သို့*

**“လယ်ယာသုံးစက်ကိရိယာများ၏တန်ဖိုးမှာ အနည်းဆုံး ငွေကျပ် သိန်း ၃၀ မှ အများဆုံး ငွေကျပ် သိန်း ၅၀၀ ကျော် အထိဖြစ်ရာ တောင်သူလယ်သမားအများစုက တစ်လုံးတစ်ခဲတည်း လက်ငင်းပေးချေပြီး ဝယ်ယူနိုင်ရန် အခက်အခဲရှိကြပေလိမ့်မည်။ ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီများက တစ်ဦးချင်း တစ်ယောက်ချင်းချိတ်ဆက်ပြီး အကြွေးစနစ်ဖြင့် ရောင်းချပေးနိုင်သည်ဆိုလျှင်တောင်မှ သိန်း ၅၀၀ ကျော်တန် စက်ပစ္စည်းဖြစ်ပါက အနည်းဆုံးနှစ်နှစ်မှ အများဆုံး သုံးနှစ်ဆိုင်းခန့်ဖြင့်သာ ရောင်းချပေးနိုင်ပေလိမ့်မည်။ သို့ဖြစ်ရာ ပြန်လည်ပေးဆပ်ရသည့်ကာလ တိုတောင်းသည့်အတွက် တောင်သူလယ်သမားများအနေဖြင့် ဝယ်ယူသုံးစွဲရန် များစွာအခက်အခဲများ ရှိနိုင်ပေလိမ့်မည်”**






## တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာဘုရား ဘက်စုံမွမ်းမံပြုပြင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**တောင်ကြီး ဧပြီ ၂၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ စူဠာမုနိ လောကချမ်းသာဘုရား ဘက်စုံမွမ်းမံပြုပြင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ်၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဧပြီ ၂၁ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

စူဠာမုနိလောကချမ်းသာဘုရားအား တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူ၍ ဘုရားအမိုးပေါ်ရေများ စိမ့်ကျမှုမရှိစေရန် ရေလုံအောင်ပြုပြင်ခြင်း၊ ဘုရားအတွင်းအပြင် နံရံဆေးသုတ်ခြင်းများ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်က ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းထားရှိမည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အခမ်းအနားကျင်းပမည့် ခန်းမ၊ အမျိုးသား အမျိုးသမီး အိပ်ဆောင်၊ စားသောက်ခန်းမ၊ ရေချိုးခန်း၊ အမျိုးသား အမျိုးသမီးသန့်စင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ပြီး တောင်ကြီးလူရည်ချွန်စခန်းဖွင့်ပွဲကျင်းပမည့် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**

*စာမျက်နှာ ၁၆ မှ*

တောင်သူလယ်သမားများ လုပ်ငန်းအတွက် အမှန်တကယ်လိုအပ်ပြီး ပြန်လည်ပေးဆပ်နိုင်စွမ်းရှိသူများကို ချေးငွေစည်းကမ်းများနှင့်အညီ စိစစ်ပြီးသည့် ငွေပမာဏကိုသာ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် ကောက်စိုက်စက်၊ လက်တွန်းထွန်စက်၊ လယ်ထွန်စက်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်အပါအဝင် ဆန်စက်၊ ဆီစက်၊ ကြိတ်ခွဲစက်၊ ကုန်တင်ယာဉ်များအပြင် စက်ရုံ၊ သိုလှောင်ရုံများ တည်ဆောက်ခြင်း၊ မွမ်းမံပြုပြင်ခြင်းများအတွက် ချေးငွေကာလ ငါးနှစ်ဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ အတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြစ်ကြောင်း၊ အာမခံအနေဖြင့် ချေးငွေရယူသူသည် ချေးငွေ၏ ၃၀ ရာခိုင်နှုန်းကို ဘဏ်၌စုဆောင်းငွေအဖြစ် စုဆောင်းစေမည်ဖြစ်ကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)မူရင်းကို အပေါင်အဖြစ် ရယူမည်ဖြစ်ကြောင်း၊ ချေးငွေဖြင့် ဝယ်ယူထားသည့် ယာဉ်၊ စက်ကိရိယာကို အပေါင်အဖြစ်ရယူမည်ဖြစ်ကြောင်း၊ နောက်ကြောင်းရာဇဝင်ကောင်းမွန်သူ လူပုဂ္ဂိုလ်နှစ်ဦးမှ အာမခံရမည်ဖြစ်ကြောင်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အာမခံအဖြစ်ရယူမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် JICA (Two Step Loan)ချေးငွေရယူလိုသော တောင်သူလယ်သမားများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ချေးငွေစိစစ်ရေးအဖွဲ့မှတစ်ဆင့် ခရိုင်၊ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများသို့ တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း၊ ထိုသို့တောင်သူတစ်ဦးချင်း၊ တောင်သူအစု၊ အဖွဲ့များ၏ တင်ပြချက်အပေါ် တင်ပြလျှောက်ထားသည့် တောင်သူ၏ လယ်ယာမြေပိုင်ဆိုင်မှုအထောက်အထား၊ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ နှစ်စဉ် အကျိုးအမြတ်ရရှိမှုအခြေအနေ၊ အာမခံပစ္စည်း၊ ပိုင်ဆိုင်သည့်ပစ္စည်းအခြေအနေ၊ ချေးငွေအပေါ် ပြန်လည်ပေးဆပ်နိုင်စွမ်းရှိမှုအခြေအနေ စသည့်အခြေခံအချက်အလက်များအပေါ်စိစစ်၍ မြို့နယ်၊ ခရိုင်ချေးငွေကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ် ချေးငွေကြီးကြပ်ရေးကော်မတီထံသို့ ဆက်လက်တင်ပြပြီး အတည်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ချေးငွေကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက်ရရှိပါက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ JICA (Two Step Loan) ဦးဆောင်ကော်မတီသို့ပေးပို့၍ ချေးငွေထုတ်ချေးခြင်းအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

၎င်းက ဆက်လက်၍ ပြောကြားသည်မှာ JICA (Two Step Loan) ချေးငွေဖြင့် လက်ခံဆောင်ရွက်သည့် ကုမ္ပဏီများဘက်မှ တောင်သူလယ်သမားထံသို့ ရောင်းချပေးလိုက်သည့် လယ်ယာသုံးစက်ကိရိယာများအား After Sale Service လုပ်ပေးနိုင်ရန် တာဝန်ခံ၊ တာဝန်ယူမှုဖြင့် ကတိဝန်ခံချက်များ ရယူထားပါကြောင်း၊ JICA (Two Step Loan) ချေးငွေရယူသည့် တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာ ဝယ်ယူလိုသည့်ကုမ္ပဏီကို စိတ်ကြိုက်ရွေးချယ်နိုင်ကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေတစ်ရပ်လုံးကို သက်ဆိုင်ရာကုမ္ပဏီသို့ တိုက်ရိုက်ပေးချေမည်ဖြစ်ပြီး လယ်ယာသုံးစက်ကိရိယာများကို တောင်သူလယ်သမားများက လက်ခံရယူရမည်ဖြစ်ကြောင်း၊ ချေးငွေထုတ်ယူထားသည့် တောင်သူများက ပေးဆပ်ရန်သတ်မှတ်ထားသည့် ချေးငွေအရစ်အလိုက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် ဇူလိုင်လမှစတင်ပြီး ချေးငွေဖြင့် ရောင်းချပေးထားသည့် စက်ကိရိယာများတွင် GPS များတပ်ဆင်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စက်ကိရိယာများ၏ လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်လျက်ရှိပြီး စက်ကိရိယာများကို ဝယ်ယူထားသည့် တောင်သူများအနေဖြင့်လည်း လိုအပ်၍ မိမိတို့စက်များ အခြားနယ်မြေများသို့ သွားရောက်လုပ်ကိုင် ဆောင်ရွက်ရပါကလည်း မိမိတို့စက်များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မိမိတို့၏ Mobile Phone ဖြင့် စောင့်ကြည့်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

### သမဝါယမ၏ စွမ်းပကား

" သမဂ္ဂါနံ တပေါ့ သုခေါ - အဆွေခင်ပွန်းဖွဲ့၍ စုပေါင်းလုပ်ကိုင်ဆောင်ရွက်ခြင်းသည် ချမ်းသာသုခကိုဖြစ်စေသည်" ဆိုသည့် တရားတော်သည် တစ်နည်းအားဖြင့်ဆိုရသော် သမဝါယမစနစ်ကို ဖော်ညွှန်းပြဆိုခြင်းပင် ဖြစ်ပါသည်။ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ၏ အောင်မြင်တိုးတက်ချင်သည့် စိတ်၊ လုပ်ချင်ကိုင်ချင်စိတ်၊ ကောင်းမွန်မှန်ကန်သောအလုပ်ကို အမှန်တကယ် ကြိုးစားဆောင်ရွက်လုပ်ကိုင်လိုသည့်စိတ်များကိုစုစည်းပြီး အတူတကွ စုပေါင်းဆောင်ရွက်ခြင်းဖြင့် စနစ်ကျသည့် အဖွဲ့အစည်းများ ဖြစ်ပေါ်လာမည့်အပြင် စနစ်ကျသည့် စီးပွားရေးဖော်ဆောင်မှုပုံစံကိုလည်း ရရှိလာနိုင်မည် ဖြစ်ပေသည်။ ထိုကဲ့သို့ စုပေါင်းအားနှင့် လုပ်ကိုင်ဆောင်ရွက်သည့် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုပစ္စည်းများ ပံ့ပိုးကူညီမှုရရှိနိုင်ခြင်း၊ ထာဝရအသက်မွေးဝမ်းကျောင်းနိုင်မည့် နည်းပညာများကို သင်ယူရရှိနိုင်ခြင်း၊ မိမိတို့၏ထုတ်ကုန်များကို မိမိတို့စိတ်ကြိုက်ရောင်းဝယ်ဖောက်ကားနိုင်မည့် ဈေးကွက်များသို့ ချိတ်ဆက်ထိုးဖောက်ဝင်ရောက်နိုင်ခြင်း၊ မိရိုးဖလာနည်းဖြင့် စိုက်ပျိုးလာခဲ့သည့်စနစ်မှ ခေတ်မီနည်းစနစ်များကို အသုံးပြုပြီး စိုက်ပျိုးလာနိုင်အောင် လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူရရှိနိုင်ခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကဲ့သို့ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများကို သီးနှံပေါ်ပေးစာရင်းမှတ်စနစ်ဖြင့် ဝယ်ယူရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးနှင့် အခွင့်အလမ်းများ ရရှိနိုင်ခြင်းသည် သမဝါယမ စွမ်းပကားပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် စီးပွားရေးဦးတည်ချက်၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံပေါများရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ လယ်ယာစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများကို ခေတ်မီစက်မှုလယ်ယာစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းမှ လယ်ယာသုံးစက်ကိရိယာများ တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ၊ အခြားလုပ်ငန်းရှင်များက သမဝါယမစနစ်ကို အခြေခံပြီး အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် အားလုံးက **"လယ်ယာစီးပွား အကျိုးများဖို့ သမဝါယမစွမ်းပကားနဲ့ ကူညီကြပါစို့"** ဟု စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူဖြင့် စုပေါင်းဆောင်ရွက်သွားကြရန် ဆန္ဒပြုတိုက်တွန်းရေးသားတင်ပြလိုက်ရပေသည်။ ။

# ရှာင်မြို့နယ်၏ အထင်ကရ မိန်းမရဲသခင်မတောင်၊ ဂဏာန်းကျရေတံခွန်နှင့် လည်ပတ်စရာနေရာများ

**ယဉ်လာဒ်**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာင်မြို့နယ်မှာ လည်ပတ်စရာနေရာတွေ များစွာရှိတဲ့ အနက် ဂဏာန်းကျရေတံခွန်ဟာ ပြည်တွင်းခရီးသွားဧည့်သည်တွေ အများဆုံး သွားရောက်ကြတဲ့ အထင်ကရနေရာတစ်ခု ဖြစ်ပါတယ်။ ရေတံခွန်တွေနဲ့ သဘာဝ လိုဏ်ဂူတွေ များစွာရှိနေခြင်းက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ ရှာင်မြို့ကို ထင်ရှားစေတဲ့အချက် ဖြစ်ပါတယ်။



မိန်းမရဲသခင်မတောင်ပေါ်မှ ရုပ်တော်မူရုပ်ပွားတော်ကြီးများကို တောင်ခြေမှ တွေ့ရစဉ်။

### ဂဏာန်းကျရေတံခွန်

မြို့နယ်ထဲမှာ ရေတံခွန်တွေ ပေါများပြီး ကျောက်စက်ကျရေတံခွန် (ဂဏာန်းခွက်ကျ(ခ) ဂဏာန်းကျရေတံခွန်)နဲ့ ရေပြာစမ်းရေတံခွန်တို့ဟာ ပြည်တွင်းခရီးသွားဧည့်သည်တွေ အများဆုံး သွားရောက်ကြတဲ့နေရာတွေ ဖြစ်လာကြပါတယ်။ ပြည်တွင်း ခရီးသွားဝန်ဆောင်မှုကို ပို့ဆောင်ပေးနေတဲ့ သန်းဌေးနဲ့ရောင်းရင်း ဘုရားဖူးလုပ်ငန်းကလည်း သင်္ကြန်ကာလအတွင်းမှာ ဘုရားဖူးကား များစွာနဲ့ တောင်ကြီး–ရှာင်– အင်းလေး စတဲ့ခရီးစဉ်တွေကို ပို့ဆောင်ပေးခဲ့ရာ ရှာင်မြို့ရဲ့ အထင်ကရနေရာတွေဖြစ်တဲ့ ဂဏာန်းကျရေတံခွန်၊ ရေပြာအိုင်နဲ့ မိန်းမရဲသခင်မတောင် စတဲ့နေရာတွေကို ပို့ဆောင်ပေးခဲ့တယ်လို့ သန်းဌေးနဲ့ရောင်းရင်းဘုရားဖူးလုပ်ငန်းမှ တာဝန်ရှိသူက စာရေးသူကို ပြောပါတယ်။

ဂဏာန်းကျရေတံခွန်ဆီ သွားရာလမ်းတစ်လျှောက် လှေကားထစ်အဆင်းအတက်လေးတွေနဲ့ ပြုလုပ်ထားပြီး အကွေ့နေရာတွေမှာ နားနေဖို့နေရာနဲ့ အမောပြေ သံပရာရည်သောက်နိုင်တဲ့ အအေးဆိုင်ကို ဖွင့်လှစ်ပေးထားသလို အမှတ်တရပစ္စည်းဆိုင်နဲ့ အစားအသောက်ဆိုင်တွေကိုလည်း ဖွင့်လှစ်ထားပါတယ်။ ဒေသခံတွေအနေနဲ့ ဒီဆိုင်တွေကနေ ဈေးရောင်းချပြီး နေ့စဉ်ဝင်ငွေတစ်ခုကို ရရှိနေပြီဖြစ်ပါတယ်။ တစ်ဖက်တစ်လမ်းကနေ ဒေသခံတွေအတွက် ဝင်ငွေရရှိစေတာမို့ ခရီးသွားနေရာတစ်ခု အောင်မြင်မှုရဲ့နောက်ကွယ်က အကျိုးကျေးဇူးလို့ ဆိုရပါမယ်။

"အခါကြီး ရက်ကြီးတွေဆိုရင်တော့ တစ်ရက်ကို လူဦးရေ ၂၀၀၀ ကျော် လာလည်ကြပါတယ်။ သင်္ကြန်ကာလအတွင်းကဆို တစ်ရက်ကို လူဦးရေ ၅၀၀၀ နီးပါး လာရောက်ကြတယ်" လို့ ဂဏာန်းကျရေတံခွန် ရေရှည်တည်တံ့ရေးကော်မတီမှ အဖွဲ့ဝင်တစ်ဦးက စာရေးသူကို ပြောပါတယ်။ ရေတံခွန်ကို ဝင်ကြေးအနေနဲ့ လူတစ်ဦး ကျပ် ၅၀၀ ကောက်ခံပြီး ရဟန်းသံဃာ၊ သီလရှင်တွေကိုတော့ မကောက်ဘူးလို့ သိရပါတယ်။

ဂဏာန်းကျ (ခ) ဂဏာန်းခွက်ကျ ရေတံခွန်ဟာ ကျောက်စက်ကျ ရေတံခွန်အမျိုးအစားဖြစ်ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်အတွင်း ရှာင်–အောင်ပန်းလမ်းအနီး မြိုင်ရွာမှာ ရှိပါတယ်။



### မြသပိတ်ရေပြာအိုင်

ဂဏာန်းကျရေတံခွန်အပြင် ရှာင်မြို့ရဲ့ ထင်ရှားတဲ့ နေရာတစ်ခုကတော့ မြသပိတ်ရေပြာအိုင် ဖြစ်ပါတယ်။ ပြာလဲ့ကြည်စိမ်းနေတဲ့အရောင်ရှိတဲ့ ထူးခြားလှတဲ့ ရေပြာအိုင်ကို လာရောက်ကြည့်ရှုကြတဲ့ ခရီးသွားဧည့်သည်တွေ များစွာရှိလာပြီဖြစ်ပါတယ်။ မြသပိတ်ရေပြာအိုင် ဘေးပတ်ဝန်းကျင်မှာလည်း ရေကန်တွေရှိပေမယ့် သာမန်အရောင်ပဲ ဖြစ်ပါတယ်။ ရေပြာအိုင်ထဲကရေကို ခပ်ယူရင်လည်း သာမန်ရေအရောင် ဖြစ်ပါတယ်။ မြသပိတ်ရေပြာအိုင်ရဲ့ ကန်ထဲက ရေအရောင်ကသာ ပြာနေတာ ဖြစ်ပါတယ်။ ဒါကတော့ မြသပိတ်ရေပြာအိုင်ရဲ့ ထူးခြားချက်ပဲဖြစ်ပါတယ်။

ဒီဒေသရဲ့ ဒေသခံတွေ ယုံကြည်ထားကြတဲ့ ဒဏ္ဍာရီတစ်ခုမှာတော့ နောင်ပွင့်တော်မူမယ့် အရိမေတ္တယျမြတ်စွာဘုရားရှင်အတွက် ရည်စူးထားရှိတဲ့ မြသပိတ်တော်ဟာ ရေကန်ထဲမှာ ရှိတာမို့ မြသပိတ်တော်ရဲ့အရောင်ကြောင့် ရေတွေပြာလဲ့နေရတာလို့ ဆိုကြပါတယ်။

ရှာင်မြို့ကနေ တောင်ဘက်ကို ၁၅ မိုင်လောက်သွားလိုက်ရင် "တောကျယ် မြသပိတ်ရေပြာအိုင်" ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီလမ်းညွှန်ဆိုင်းဘုတ်ကနေ နောက်ထပ်မိုင်ဝက်လောက်ဝင်ရင် ရောက်ပါတယ်။ လမ်းမဆိုးသလို ကားရပ်လို့ရတဲ့နေရာတွေလည်း ရှိပါတယ်။ ကားရပ်တဲ့နေရာကနေ လှေကားနဲ့ အောက်ဆင်းရတာပါ။ လှေကားထစ်တွေကိုလည်း ကွန်ကရစ်ခင်းပေးထားတာမို့ လူကြီးသူမတွေအတွက် ဆင်းရတာ ပိုပြီးအဆင်ပြေစေပါတယ်။

> **ဂဏာန်းကျရေတံခွန်ဆီ သွားရာလမ်းတစ်လျှောက် လှေကားထစ်အဆင်းအတက်လေးတွေနဲ့ပြုလုပ်ထားပြီး အကွေ့နေရာတွေမှာ နားနေဖို့နေရာနဲ့ အမောပြေ သံပရာရည်သောက်နိုင်တဲ့ အအေးဆိုင်ကို ဖွင့်လှစ်ပေးထားသလို အမှတ်တရပစ္စည်းဆိုင်နဲ့ အစားအသောက်ဆိုင်တွေကိုလည်း ဖွင့်လှစ်ထားပါတယ်။ ဒေသခံတွေအနေနဲ့ ဒီဆိုင်တွေကနေ ဈေးရောင်းချပြီး နေ့စဉ်ဝင်ငွေတစ်ခုကို ရရှိနေပြီဖြစ်ပါတယ်**

### မိန်းမရဲသခင်မတောင်

ရှာင်မြို့နယ် မင်းတိုင်ပင်ကျေးရွာမှာရှိတဲ့ မိန်းမရဲသခင်မတောင်ဟာ အမြင့်ပေ ၆၀၀ ကျော်ရှိပြီး ဒီခရီးစဉ်ဟာလည်း ပြည်တွင်းခရီးသွားဧည့်သည်တွေ တခုတ်တရ သွားလည်ပတ်ကြတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ မိန်းမရဲသခင်မတောင်တစ်ခုလုံးကို အဝေးကနေကြည့်ရင် တောင်တစ်ခုလုံးမှာ စေတီပုထိုးဖြူဖြူလေးတွေကို ဖူးမြော်တွေ့မြင်ရမှာပါ။ မိန်းမရဲတောင်ပေါ်ကိုတက်ရောက်တဲ့ လှေကားရဲ့ ဝဲယာမှာတော့ အလွန်ကြီးမားတဲ့ ရုပ်တော်မူရုပ်ပွားတော်လေးဆူကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

မိန်းမရဲသခင်မ တောင်ပေါ်ကနေ မြင်ရတဲ့ ရှုခင်းတွေဟာ ရင်သပ်ရှုမောစရာကောင်းလှပါတယ်။ ရှမ်းတောင်တန်း/တောင်စွယ်များနဲ့လှပနေတဲ့ စိုက်ခင်းများကို မြင်တွေ့ရမှာဖြစ်ပြီး စိတ်ကိုကြည်နူးအေးချမ်းစေပါတယ်။ ပါးစပ်ရာဇဝင်တွေ များစွာရှိပေမယ့် ရှာင်မြို့ကို လာရောက်လည်ပတ်ကြတဲ့ ခရီးသွားတွေ မဖြစ်မနေ လာရောက်လည်ပတ်ကြတဲ့ နေရာတစ်ခု ဖြစ်လာပါတယ်။

ဒါကြောင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့ကိုရောက်ဖြစ်ခဲ့ရင် ရှာင်မြို့ရဲ့ အထင်ကရနေရာတွေကို လည်ပတ်နိုင်အောင်လို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြပေးလိုက်ပါတယ်။ ။





ရေတံခွန်သို့ သွားရာလမ်းတစ်လျှောက်မှ လှေကားထစ်များတွင် ဓာတ်ပုံရိုက်နေသူများနှင့် ရေတံခွန်သို့ လာရောက်လည်ပတ်သူများကို သင်္ကြန်အကျနေ့က တွေ့ရစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်  မေ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ မေ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "သံလွင်ဖြူ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၅၅) ရပ်ကွက်နေ လဲ့လဲ့ဝင်းအား ည ၁၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Hsu Myat Htwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၂) ရပ်ကွက်နေ ဇင်မာထွေး(ခ) ဆုမြတ်သွယ် (ခ) မိဆုအား မေ ၂၀ ရက် ည ၁၁ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထိုင်းနိုင်ငံ၌ ပြိုင်ပွဲဝင် ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သည့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမား အောင်ဆန်းမျိုး ဒုတိယရရှိ

**ရန်ကုန်  မေ ၂၁**

ထိုင်းနိုင်ငံ Lake View Resort & Golf Club (AB) ၌ မေ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသည့် SINGHA-SAT TDT Cha-am 2024 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက် ကစားသမား အောင်ဆန်းမျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆု ရရှိခဲ့သည်။



အောင်ဆန်းမျိုးသည် ယင်းပြိုင်ပွဲတွင် ၆၉+ ၆၇ ချက် နှစ်ရက်ပေါင်း ၁၃၆ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ ဒုတိယဆု ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကစားသမား ၁၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထိုင်းကစား သမား Supravee PHATAM က နှစ်ရက်ပေါင်းရိုက်ချက် ၁၃၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ပြီး ပထမဆု ဆွတ်ခူး ရရှိကာ ဆုကြေးငွေ ဘတ် တစ်သိန်း ရရှိသည်။ ဒုတိယရရှိသော အောင်ဆန်းမျိုးမှာ ဆုကြေးငွေဘတ်လေးသောင်းလေးထောင် ဆွတ်ခူးရရှိသည်။

ဆောင်ဆန်းမျိုးသည် ၂၀၂၄ Taiwan PGA Tour လက်ရည်စစ်ပွဲ အောင်မြင်ထားပြီး Thailand PGA Tour နှင့် All Thailand Golf Tour တို့တွင် ပြိုင်ပွဲများ စဉ်ဆက်မပြတ် ဝင်ရောက်ယှဉ်ပြိုင်နေကာ ၎င်းကို Burmese Golf -BG နှင့် Dagon Golf City တို့က ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။ မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားများသည် ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ဂေါက်သီးရိုက် ပြိုင်ပွဲများတွင် စဉ်ဆက်မပြတ် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အောင်မြင်မှုများလည်း ရယူလျက်ရှိသည်။ **ကိုညီလေး**

**ဓာတ်ပုံ - All Thailand Golf Tour**

## အာရှမြင်းစီးအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပဏာမလက်ရွေးစင်ကစားသမား ရွေးချယ်ပွဲများ ကျင်းပမည်

**ရန်ကုန်  မေ ၂၁**

အာရှမြင်းစီးအားကစားအဖွဲ့ချုပ် Asian Equestrian Federation (AEF) က ကြီးမှူး၍ အိန္ဒိယနိုင်ငံတွင် မြင်းစီးအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှပါဝင်ယှဉ်ပြိုင်နိုင်ရန် အိန္ဒိယနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်(Equestrian Federation Of India) က မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်သို့ ဖိတ်ကြားလာ၍ ယင်းပြိုင်ပွဲများအတွက်အဖွဲ့ချုပ်မှ မြန်မာနိုင်ငံကိုယ်စားပြု ပဏာမလက်ရွေးစင် အားကစားသမား ရွေးချယ်ပွဲများကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်ထိ ကျင်းပရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကိုယ်စားပြု ပဏာမလက်ရွေးစင်အားကစားသမား ရွေးချယ်ပွဲကို စိတ်ပါဝင်စားသူများအနေဖြင့် မေ ၃၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ထံသို့ စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ အာရှမြင်းစီးအားကစားအဖွဲ့ချုပ်မှ ကျင်းပမည့်ပြိုင်ပွဲများတွင် အသက် ၂၁ နှစ်အောက် တန်းခုန်ပြိုင်ပွဲနှင့် အသက် ၂၁ နှစ်အောက် အလှစီးပြိုင်ပွဲများ ပါဝင်ကြောင်း၊ အသက် ၂၁ နှစ်အောက် တန်းခုန်ပြိုင်ပွဲကို ဟိုက်ဒရာဘတ်မြို့ရှိ ဆားဂျ်မြင်းစီးအားကစားကွင်း၌ အောက်တိုဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများသည် အသက် ၁၄ နှစ်မှ ၂၁ နှစ်အတွင်းရှိရမည်ဖြစ်ကာ တန်းအမြင့် ၁ ဒသမ ၁၀ - ၁ ဒသမ ၂၀ မီတာ သတ်မှတ်ထားသည်။

ထို့အတူ အလှစီးပြိုင်ပွဲကို ဒေလီမြို့ရှိ Army Polo and Riding Centre ၌ နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ ပြိုင်ပွဲဝင်ကစားသမားများအား အသက် ၁၄ နှစ်မှ ၂၁ နှစ် အတွင်း ရှိရမည်ဟု သတ်မှတ်ထားကြောင်း၊ အသင်းဖွဲ့စည်းပုံကို အားကစားသမား လေးဦး၊ အသင်းနည်းပြတစ်ဦး၊ အသင်းအုပ်ချုပ်သူတစ်ဦး၊ စုစုပေါင်း ခြောက်ဦး သတ်မှတ်ထားကြောင်း သိရသည်။

**အာကာစိုး**

## မြိတ်မြို့၌ လျှပ်စစ်မီးလုံး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်



**မြိတ်  မေ ၂၁**

မြိတ်မြို့ မြိတ်တောင်ရပ်ကွက် မြို့မ(၂)ရပ် မြခွာညိုလမ်းရှိ ဦးထွန်းဦး (၆၄) နှစ် ပိုင်ဆိုင်သည့် နေအိမ်တွင် မေ ၂၀ ရက် နံနက် ၉ နာရီ ၅၅ မိနစ်ခန့်က ဘုရားမီး ပူဇော်ထားသော လျှပ်စစ်မီးလုံး အပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှု ဖြစ်ပွားရာသို့ မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးစန်းဦး ဦးဆောင်သည့် သန္တေတပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များ၊ လူမှုရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်သားများ သွားရောက်၍ ပြည်သူများနှင့်အတူ ဝိုင်းဝန်း ငြိမ်းသတ်မှုကြောင့် နံနက် ၁၀ နာရီ ၁၀ မိနစ် ခန့်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ် အပေါ်ထပ် မီးလောင်ပျက်စီးခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ မြိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

❖ *ကျောဖုံးမှ*

(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀,၅၆၅,၄၈၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (သွင်းကုန်) ၌ ဝန်စည်တစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် DJI Air Drone (Used) တစ်စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၅၀၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၄၁၀ တန်၊ သစ်မာ ၅ ဒသမ ၉၅၆ တန် နှင့် အခြားသစ် ၁ ဒသမ ၈၄၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ်၄,၆၂၂,၅၁၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးမြို့ သဇင်ရပ်ကွက်၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀,၀၀၀) ကို လည်းကောင်း၊ တမူးမြို့ စော်ဘွား (၈)ရပ်ကွက်၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀,၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀,၀၈၇,၉၉၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်  မေ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် မွန်းလွဲ ၃ နာရီတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း (ခ) ကျေးရွာအုပ်စု ဝမ်ဆောက်ခုံ(အာခါ) ကျေးရွာရှိ မနာဟဲ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း၊ အလားတူ ညနေ ၅ နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု စခန်းသာကျေးရွာရှိ ဒါယေလှ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် မေ ၂၀ ရက် မွန်းလွဲ ၁နာရီတွင် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ မမီချူး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀ ကို လည်းကောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် လားရှိုးမြို့နယ် ခါးသျှိကျေးရွာအုပ်စု ခါးသျှိကျေးရွာအနီးတွင် ဝူပေါင်းချောက် (ခ) စိန်နိုင်ဝင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေရာသီကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး၊ အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လေပြင်းတိုက်ခတ်မှု အကြိမ်ရေ (၆၅၀) ကျော် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၁၇၀၀) ကျော် ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူသေဆုံး၊ ထိခိုက်၊ ဒဏ်ရာရမှုများလည်း ဖြစ်ပေါ်ခဲ့ပါသည်။

၃။ လေပြင်းတိုက်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်း၊ လေပြင်းဒဏ် ခံနိုင်ရည်နည်းပါးနိုင်သည့် အိုးအိမ်များ ရွေးချယ်၍ အားဖြည့်ပြင်ဆင်ပေးခြင်းတို့ကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(ခ) လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင်တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(ဂ) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ် အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(ဃ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

၅။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူလွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိပ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သောစားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။



၆။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ စသည့်အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# သင်္ကြန်ရုံးပိတ်ရက်တွင် ဝါးနက်ဆင်စခန်းသို့ လာရောက်လည်ပတ်အပန်းဖြေသူဦးရေ ယခင်နှစ်ထက်ပိုမိုများပြား



မန္တလေး ဧပြီ ၂၁

**မန္တလေးနှင့် ပြင်ဦးလွင်မြို့နယ်အကြား ရဲရွာရေလှောင်တမံသွားကားလမ်းပေါ်ရှိ ဝါးနက်ဆင်စခန်းသို့ သင်္ကြန်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလတွင် တစ်ရက်လျှင် လူဦးရေ ၃၀၀ ဝန်းကျင် လာရောက်အပန်းဖြေခဲ့ရာ ယခင်နှစ်ထက် ပိုမိုများပြားခဲ့ကြောင်း ဝါးနက်ဆင်စခန်းတာဝန်ခံက ပြောသည်။**

အဆိုပါ ဆင်စခန်းတွင် လွတ်လပ်ရေးနေ့က မွေးဖွားခဲ့သော ငြိမ်းချမ်းဦးအမည်ရှိ သုံးလကျော်အရွယ် ဆင်ပေါက်ကလေးကို စိတ်ဝင်စားသူများခြင်း၊ ကလေးများအတွက် ကစားကွင်းများ ထားရှိပေးထားခြင်းနှင့် အခြားသော ဝန်ဆောင်မှုများကြောင့် သင်္ကြန်ကာလတွင် အနားယူအပန်းဖြေသူ ပိုမိုများပြားကာ စည်ကားခြင်းဖြစ်သည်။

“သင်္ကြန်မတိုင်မီကတည်းက ဆင်စခန်းကို လာရောက်အပန်းဖြေလိုသူတွေအတွက် အေးအေးဆေးဆေးနားနေနိုင်အောင် ဝါးဖျာတွေ ချထားပေးသလို ယပ်တောင်တွေလည်း အဆင်သင့်လုပ်ပေးထားတယ်။ ဒီနှစ်ထူးခြားတာက ၃ မိုင်၊ ၅ မိုင်၊ ၆ မိုင် အပန်းဖြေစခန်းတွေကအပြန် လမ်းကြုံလို့ဝင်တာမျိုးမဟုတ်ဘဲ သီးသန့်လာရောက်ကြတာဖြစ်လို့ လာတဲ့သူတွေ အများဆုံးပဲ။ ခုလို ရုံးပိတ်ရက်ရှည်မဟုတ်တဲ့ ကြားရက်တွေမှာတောင် တစ်ရက်ကို ၅၀ ကနေ ၁၀၀ ဝန်းကျင်လောက် အများဆုံးလာနေတာပါ”ဟု ၎င်းကပြောသည်။

ဝါးနက် ဆင်စခန်းသို့ လာရောက်အပန်းဖြေသူများသည် တောတောင် အရိပ်အာဝါသတွင် အပူရှောင်သည့်အနေဖြင့် အနားယူခြင်း၊ ဆင်ပေါက်ကလေးကို စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြခြင်း၊ ရုံးပိတ်ရက်တွင်စိတ်လက်ပေါ့ပါးစွာ ဆင်စီး၍ အပန်းဖြေကြခြင်းတို့ကြောင့် သင်္ကြန်ပိတ်ရက် အကြိုနေ့မှ နှစ်ဆန်း ၂ ရက်နေ့အထိ တစ်ရက်လျှင် လည်ပတ်သူ ၃၀၀ ဝန်းကျင်ရှိရာ ယခင်နှစ်များထက် လာရောက်အပန်းဖြေသူ ပိုမိုများပြားလျက်ရှိသည်။



“ဆင်ပေါက် ကလေးက လူတွေလာတာမြင်ရင် သိပ်ပျော်တယ်။ လာတဲ့သူတွေကလည်း ဆင်ကလေးကို ပွတ်သပ်ကိုင်တွယ်ချင်ကြပေမယ့် ဆင်ကလေးက ငယ်တော့ အဆင်မပြေလို့ လေ့လာကြည့်ရှုလို့ရအောင် သီးသန့်ခြံလေးထဲမှာ ထားရတယ်။ ရာသီဥတုပူတာကြောင့် ဆင်တွေအတွက်ရော စီးတဲ့သူတွေအတွက်ပါ အဆင်ပြေအောင် ခရီးတိုပဲ စီးကြဖို့ တောင်းပန်ရတယ်။ ဆင်စာကျွေးတဲ့သူ များတဲ့အပြင် ဆင်ဘူဖေးကျွေးတာက တစ်ရက်ကို လေးဦးလောက်ရှိတယ်” ဟု ဆက်လက်ပြောကြားသည်။

ဆင်စခန်းအတွင်း အဆာပြေစားသောက်နိုင်သည့်အရောင်းဆိုင်များ၊ ဖျော်ရည်များရောင်းချသည့်ဆိုင်များနှင့် ဆင်စာရောင်းချသည့်ဆိုင်များ ဖွင့်လှစ်ထားပြီး နေ့စဉ်ရောင်းအား ကောင်းခဲ့ကြောင်း၊ ဆင်စခန်းဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ သတ်မှတ်ကောက်ခံပြီး ဆင်စီးခရီးတိုအဖြစ် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဝန်ဆောင်မှုပေးခဲ့ရာ လာရောက်အပန်းဖြေသူ များပြားခြင်းကြောင့် ဝင်ကြေးငွေလည်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

---

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

နေပြည်တော် ဧပြီ ၂၁

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ဖေဖော်ဝါရီလဝက်မှစတင်ပြီး ဈေးကျခဲ့သည့် နှင်းဆီပန်းများ အမှာရရှိမှုလည်း နည်းပါးနေ

ရန်ကုန် ဧပြီ ၂၁

ဘုရားပန်းကပ်လှူခြင်း၊ အိမ်နှင့်ဆိုင်များတွင် အလှဆင်ခြင်း၊ လက်ဆောင် ပေးခြင်းတို့တွင် အများဆုံးအသုံးပြုသည့် နှင်းဆီပန်းဈေးကွက်မှာ လက်ရှိတွင် ဈေးနှုန်းများ ထိုးကျနေကာ အမှာရရှိမှုလည်း နည်းပါးလျက်ရှိသည်။

“နှင်းဆီပန်းက ဒီအချိန်ဆိုရင် ဈေးကျသွားတဲ့ကာလဖြစ်သွားပြီ။ ဘယ်အချိန်မှာ ဈေးတက်လည်းဆိုတော့ ဖေဖော်ဝါရီလ ပထမလဝက်ပေါ့။ ချစ်သူများနေ့ရှေ့ဆိုဝယ်လို့ကို မရတာ။ အဲဒီချစ်သူများနေ့ ပြီးတဲ့နောက်ပိုင်းဆို မရှိတော့ဘူး။ လမ်းပန်းဆက်သွယ်ရေးကြောင့် ပိုပြီးအော်ဒါနည်းတယ်။ နှင်းဆီပန်း ထွက်သမျှကို ဖြန်းပေးမယ့်လူမရှိတော့ ဒုက္ခတွေ ရောက်ကြတယ်”ဟု ပြင်ဦးလွင်မြို့နယ်ရှိ နှင်းဆီပန်းစိုက်ပျိုးရောင်းချသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလဆန်းပိုင်းက နှင်းဆီ ၁၀ ပွင့် တစ်စီးလျှင် ငွေကျပ် ၄၀၀၀ အထိ ဈေးမြင့်တက်ခဲ့ပြီး ယခုဧပြီလအတွင်း၌ နှင်းဆီ ၁၀ ပွင့်တစ်စီးလျှင် ငွေကျပ် ၁၅၀၀ မှ ၁၇၀၀ အထိသာ ရှိသည်။



ယင်းအပြင် နှင်းဆီပန်းဈေးကွက်မှာ ပွဲတော်ရက်များဖြစ်သည့် သီတင်းကျွတ်ကာလ၊ တရုတ်နှစ်သစ်ကူး ကာလများ၌ ဈေးနှုန်းများ မြင့်တက်လေ့ရှိကာ ဝယ်ယူရန်အတွက်ပင် ပစ္စည်းပြတ်ခြင်းမျိုး ဖြစ်လေ့ရှိသည်။

“ဈေးအဝယ်တွေပြန်တက်မယ်လို့ မျှော်လင့်ပါတယ်။ လက်ရှိအမှာစာရရှိမှုအရပေါ့။ မကြာခင်လပိုင်းလောက်အတွင်းမှာ ဈေးတော့ ကောင်းလာမယ်လို့ မျှော်လင့်ပါတယ်”ဟု ပြင်ဦးလွင်မြို့မှ နှင်းဆီပန်း စိုက်ပျိုးရောင်းချသူတစ်ဦးက ဆိုသည်။

**Thit Taw**

---

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# မြန်မာ့အလင်း

## သတင်းနှင့်ကြော်ငြာ ၂၃




## အမျာသိစေရန်အသိပေးကြေညာချက်

အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ELLE INTERNATIONAL COMPANY LIMITED (Company Registration No. 130024246) ဒါရိုက်တာဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်-

(က) ကျွန်ုပ်၏အမှုသည်ဖြစ်သူ ELLE INTERNATIONAL COMPANY LIMITED သည် "ELLE" အမည်ဖြင့်ကုန်အမှတ်တံဆိပ်ကိုအောက်ပါအတိုင်း စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားရှိပြီးဖြစ်ပါသည်-

ELLE

